# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)


၁၃၈၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက် | ၂၀၂၃ ခုနှစ်၊ စက်တင်ဘာ ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၂)၊ အမှတ်(၃၄၄)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



## ပွင့်ဖြူမြို့နယ်ရှိ ကြီးအုံကြီးဝတမံတွင် ရေပိုလွှဲမှရေကျော်ကျမှု တဖြည်းဖြည်း လျော့နည်းကျဆင်းလာ

**ပွင့်ဖြူ စက်တင်ဘာ ၁၂**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ဒေသခံတောင်သူများ စိုက်ပျိုးရေအတွက် အဓိက မှီခိုအားထားရသည့် ကြီးအုံကြီးဝတမံသည် အထက်ပိုင်းဒေသများတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မိုးရေဝင်ရောက်မှုများ တိုးလာခဲ့ပြီး တမံရေပိုလွှဲမှ ခြောက်ပေကျော်အထိ ရေကျော်ကျမှုရှိခဲ့ရာမှ ယခုအခါ မိုးရွာသွန်းမှု လျော့နည်းသွားသဖြင့် တမံရေပိုလွှဲမှ ရေကျော်ကျမှု တဖြည်းဖြည်း လျော့နည်းကျဆင်းလာကြောင်း အဆိုပါ ကြီးအုံကြီးဝတမံ တာဝန်ခံ(AE) ဦးစိုးတင့်ထံမှ သိရသည်။

ပွင့်ဖြူမြို့နယ် ကြီးအုံကြီးဝတမံသည် အထက်ပိုင်းဒေသများတွင် မိုးရွာသွန်းမှုကြောင့် တမံအတွင်း မိုးရေဝင်ရောက်မှုရှိခဲ့ပြီး တမံရေပိုလွှဲမှ ၆ ဒသမ ၈ ပေခန့်အထိ ရေကျော်ကျမှုရှိခဲ့သဖြင့် တာဝန်ရှိသူများက သဘာဝဘေးအန္တရာယ်ကင်းဝေးစေရေး စီမံချက်အရ အစိမ်းရောင်အလံများ စိုက်ထူ၍ တမံအောက်ဘက်ရှိ ကျေးရွာများမှ ဒေသခံပြည်သူများ သိရှိနိုင်ရေးအတွက် အသိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်ပေးခြင်း၊ ရေကင်းတာဝန်ကျဝန်ထမ်းများကလည်း တမံကြံ့ခိုင်မှုအခြေအနေအား အလှည့်ကျစောင့်ကြည့် စစ်ဆေးခြင်းနှင့် တမံအတွင်း မိုးရေဝင်ရောက်မှုအခြေအနေနှင့် ရေပိုလွှဲမှ ရေကျော်နေမှုများကို အချိန်နှင့်တစ်ပြေးညီ *စာမျက်နှာ ၅ ကော်လံ ၁* ❖

*စာမျက်နှာ ၅ ကော်လံ ၁*

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဖြစ်ပေါ်နေသော စပါး၊ ဆန် ဈေးနှုန်းနှင့် စီးထွက်မှုအခြေအနေ

**စစ်ကိုင်း စက်တင်ဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး၏ ဆန်ပိုဒေသများဖြစ်သော ကလေး၊ ကသာ၊ ကန့်ဘလူ၊ ရွှေဘိုနှင့် ရေဦးခရိုင်များအနက် ရွှေဘိုခရိုင်နှင့် ရေဦးခရိုင်တို့တွင် ရောမင်းစပါး လက်ကျန်မရှိသလောက် နည်းပါးနေကြောင်း၊ ကန့်ဘလူခရိုင်၌ စပါးဈေးနှုန်း အနည်းငယ်ကျဆင်းပြီး ကလေးခရိုင်တွင် စပါးဈေးနှုန်း အနည်းငယ်မြင့်တက်နေကာ ကျန်ခရိုင်များတွင် စပါးဈေးနှုန်းတည်ငြိမ်နေကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စက်တင်ဘာလ ပထမပတ်တွင် ဖြစ်ပေါ်နေသော စပါး၊ ဆန် ဈေးနှုန်းများမှာ ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်မှ ရွှေဘိုပေါ်ဆန်း (စပါး) တင်း ၁၀၀ လျှင် ငွေကျပ် ၃၇၀၀၀၀၀၊ ပေါ်ဆန်း (ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၁၂၅၀၀၀ ၊ ရောမင်း(ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၁၃၈၀၀၀ ၊ နှွေစပါး (ရွှေဝါထွန်း) စပါးတင်း ၁၀၀ လျှင် ငွေကျပ် ၁၉၀၀၀၀၀၊ နှွေစပါး (ရွှေဝါ ထွန်း)(ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၈၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း၊ ရေဦးခရိုင် ရေဦးမြို့နယ်မှ ပေါ်ဆန်း(စပါး)တင်း ၁၀၀ လျှင် ငွေကျပ် ၃၇၀၀၀၀၀၊ ပေါ်ဆန်း (ဆန်) တစ်အိတ်လျှင် ငွေကျပ် ၁၂၅၀၀၀၊ ရောမင်း (ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၁၃၈၀၀၀၊ နှွေစပါး(ရွှေဝါထွန်း) စပါးတင်း ၁၀၀ လျှင် ငွေကျပ် ၁၉၀၀၀၀၀၊ နှွေစပါး(ရွှေဝါထွန်း)(ဆန်)၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၈၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ကလေးခရိုင် ကလေးမြို့နယ်မှ ညော့မထ (စပါး) တင်း ၁၀၀ လျှင် ငွေကျပ် ၃၂၀၀၀၀၀၊ ညော့မထ (ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၁၂၀၀၀၀၊ ငစိန် (စပါး) တင်း ၁၀၀ လျှင် ငွေကျပ် ၃၁၀၀၀၀၀၊ ငစိန် (ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၁၁၀၀၀၀၊ ရောမင်း(စပါး) တင်း ၁၀၀ လျှင် ငွေကျပ် ၃၅၀၀၀၀၀၊ ရောမင်း(ဆန်)၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၁၃၀၀၀၀၊ နှွေစပါး(ဒေသမျိုး)(စပါး)တင်း ၁၀၀ လျှင် ငွေကျပ် ၁၁၅၀၀၀၀၊ နှွေစပါး(ဒေသမျိုး)(ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၈၇၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း၊ ကသာခရိုင် အင်းတော်မြို့နယ်မှ မော်ဘီ - ၂ (စပါး) တင်း ၁၀၀ လျှင် ငွေကျပ် ၁၉၅၀၀၀၀၊ မော်ဘီ-၂ (ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၈၁၀၀၀၊ ဆင်းကေရီ-၃ (စပါး) တင်း ၁၀၀ လျှင် ငွေကျပ် ၂၁၀၀၀၀၀၊ ဆင်းကေရီ-၃ (ဆန်) ၂၄ ပြည် တစ်အိတ်လျှင် *စာမျက်နှာ ၃ ကော်လံ ၁* ❐

**ယနေ့ ဖတ်စရာ**


De-dollarization နှင့်အတူ အမေရိကန်ကို ပခုံးချင်းယှဉ်လာနေသည့် BRICS — ဆောင်းပါး စာ ၁၀

ကမ္ဘောဒီးယားဝန်ကြီးချုပ်နှင့် တရုတ်သမ္မတတို့ ပေကျင်းတွင် တွေ့ဆုံမည် — နိုင်ငံတကာသတင်း စာ ၁၃

လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ — ပြည်နယ်သတင်း စာ ၁၅




# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ ဗန်းမော်တက္ကသိုလ်သင်ကြားရေးဝန်ထမ်းများနှင့် တွေ့ဆုံ ပြည်သူ့ဆေးရုံ၌ ဆေးဝါးကုသမှုခံယူနေသော လူနာများအား သွားရောက်တွေ့ဆုံအားပေး

**ဗန်းမော် စက်တင်ဘာ ၁၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါ်ဒွဲဘူသည် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းက ဗန်းမော်မြို့ မြို့တော်ခန်းမ၌ ခရိုင်အတွင်းရှိ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ ကုန်သည်လုပ်ငန်းရှင်များ၊ MSME လုပ်ငန်းရှင်များ၊ ပရဟိတအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

**ဝိုင်းဝန်းပူးပေါင်းကြိုးစား**

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူက နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ စားရေရိက္ခာဖူလုံရေး၊ ပြည်တွင်းထုတ်ကုန်များတိုးတက်မြင့်မားရေး၊ MSME လုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်ပေးရေး၊ ကျန်းမာကြံ့ခိုင်ပြီး ပညာရည်ပြည့်ဝသော၊ ဗလငါးတန်နှင့်ပြည့်စုံသော အနာဂတ်လူငယ်များ လေ့ကျင့်မွေးထုတ်ပေးနိုင်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး ရရှိရေး၊ တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းမှုရရှိရေးနှင့် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေးကို အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ ဗန်းမော်ဒေသခံပြည်သူများ အနေဖြင့်လည်း မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၊ ပြည်နယ်အစိုးရအဖွဲ့နှင့်အတူ မိမိတို့ပြည်သူတစ်ဦးချင်းစီက အတူတကွ ဝိုင်းဝန်းပူးပေါင်းကြိုးစားဆောင်ရွက်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် အသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များနှင့် ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးတိုးတက်ရေး လိုအပ်ချက်များကို တင်ပြကြရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်သွားမည့် အစီအမံများကို ပြန်လည်ရှင်းလင်းတင်ပြကြသည်။

**လျင်မြန်စွာတိုးတက်လာမည်**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ဖြည့်စွက်ရှင်းလင်းပြောကြားပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်က တစ်ဦးချင်း၊ အသင်းအဖွဲ့တစ်ခုချင်းက တည်ဆဲဥပဒေများအပေါ် လေးစားလိုက်နာပြီး အစိုးရအဖွဲ့၊ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် အချိန်တိုအတွင်း လျင်မြန်စွာတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် ဗန်းမော်တက္ကသိုလ်သို့ သွားရောက်ပြီး လူငယ်ရက်သတ္တပတ် ဗလငါးတန်ဖွံ့ဖြိုးရေး အစီအစဉ်ဖြင့် ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ၏ ဆုရပန်းချီ၊ ကာတွန်း၊ ဆောင်းပါးများကို ကြည့်ရှုအားပေးသည်။



ဆက်လက်၍ တက္ကသိုလ်ဘက်စုံသုံးခန်းမဆောင်၌ ဗန်းမော်တက္ကသိုလ်၊ နည်းပညာတက္ကသိုလ် (ဗန်းမော်)၊ ကွန်ပျူတာတက္ကသိုလ်၊ နည်းပညာအထက်တန်းကျောင်းတို့မှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခများ၊ ဆရာ ဆရာမများ၊ ပညာရေးဝန်ထမ်းများနှင့် တွေ့ဆုံရာ တာဝန်ရှိသူများက တက္ကသိုလ်ဆိုင်ရာ အချက်အလက်များနှင့် သင်ကြားရေးဆိုင်ရာ အခက်အခဲများ/ လိုအပ်ချက်များကို တင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး စီစဉ်ဆောင်ရွက်မည့် ကိစ္စရပ်များနှင့် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည့် ကိစ္စရပ်များကို ဖြည့်စွက်ရှင်းလင်းပြောကြားသည်။(အပေါ်ပုံ)

**လိုက်လံကြည့်ရှုအားပေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်က လိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာန၊ ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှုအစီအစဉ်များ၊ သင်ကြားရေးဆိုင်ရာပြခန်းပြကွက်များနှင့် တက္ကသိုလ်အလိုက် လုပ်ငန်းဆောင်ရွက်မှုပြခန်းငယ်များကို လိုက်လံကြည့်ရှုအားပေးသည်။

**ထောက်ပံ့ငွေများပေးအပ်**

ထိုမှတစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် ဗန်းမော်မြို့ ညောင်ပင်ရပ်ကွက်အတွင်းရှိ ဗန်းမော်ပြည်သူ့ဆေးရုံသို့ သွားရောက်ပြီး ခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၊ ဆေးရုံအုပ်၊ တာဝန်ရှိသူများနှင့်အတူ ဆေးရုံကြီး ကလေးဖျားနာကုသဆောင်အတွင်း တက်ရောက်ဆေးဝါးကုသမှုခံယူနေသော ကလေးငယ်များနှင့် မိခင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်၍ အားပေးစကားများ ပြောကြားကြကာ ထောက်ပံ့ငွေများနှင့် အာဟာရဖြစ် မုန့်များကို ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ နိုင်ငံ့စီးပွားမြှင့်တင်ရေးနှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတက်ရောက်

**နေပြည်တော် စက်တင်ဘာ ၁၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးနှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ နေပြည်တော် စည်ပင်သာယာရေး ကော်မတီ ဒုတိယမြို့တော်ဝန်၊ အမြဲတမ်းအတွင်းဝန်၊ နေပြည်တော်အဆင့် ဌာနဆိုင်ရာများနှင့် ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ တက်ရောက်ကြသည်။



ဦးစွာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးက နေပြည်တော်အတွင်း ရင်းနှီးမြှုပ်နှံမှုများ၊ ကုန်ထုတ်လုပ်ငန်းများ၊ MSME လုပ်ငန်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို တိုးတက်ပြီး စံပြဖြစ်အောင် ဆောင်ရွက်ရာတွင် အားသာချက်၊ အားနည်းချက်များကို သုံးသပ်ပြီး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးကုန်ထုတ်လုပ်ငန်းများ၊ MSME ကုန်ထုတ်လုပ်ငန်းများကို ပြည်ပထုတ်ကုန်အဖြစ် အဆင့်မီအောင် ထုတ်ကုန် အဆင့်မြှင့်တင်ရေး လုပ်ငန်းများကို ထုတ်လုပ်နိုင်ရေးအတွက် ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များနှင့် အမြဲမပြတ်ထိတွေ့ပြီး ပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်ရမည် ဖြစ်ကြောင်း ပြောကြားသည်။(ဝဲပုံ)

ထို့နောက် နေပြည်တော်ကောင်စီ အဖွဲ့ဝင်များက နေပြည်တော်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး လုပ်ငန်းများ၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် Quick Win အစီအမံငါးရပ်ဖြင့် ဆောင်ရွက်နေမှု၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း Biometric ကောက်ယူမှုကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

**ညှိနှိုင်းဆောင်ရွက်ပေး**

ယင်းနောက် ကုန်ထုတ်လုပ်ငန်းများ မြှင့်တင်ရေး၊ စိုက်ပျိုးမှုပန်းတိုင် အထွက်နှုန်းတိုးတက်ရေး၊ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ အသေးစား၊ အလတ်စား ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နေမှု၊ စိုက်ပျိုးရေပေးဝေနေမှု အခြေအနေများ၊ ကုန်ဈေးနှုန်း တည်ငြိမ်စေရေးကိစ္စရပ်များကို သက်ဆိုင်ရာဌာနများက ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

***❒ ရွှေဖိုးမှ***

ငွေကျပ် ၈၅၀၀၀၊ ရောမင်း (စပါး)တင်း ၁၀၀ လျှင် ငွေကျပ် ၂၄၀၀၀၀၀၊ ရောမင်း(ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၁၁၀၀၀၀၊ နှံ့စပါး (ဆင်း-၃)(စပါး)တင်း ၁၀၀ လျှင် ငွေကျပ် ၁၃၀၀၀၀၀၊ နှံ့စပါး (ဆင်း-၃) (ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၆၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

မုံရွာခရိုင် မုံရွာမြို့တွင် ရောမင်း(စပါး)တင်း ၁၀၀ လျှင် ငွေကျပ် ၃၃၀၀၀၀၀၊ ရောမင်း (ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၁၄၅၀၀၀၊ ပေါ်ဆန်း(စပါး)တင်း ၁၀၀ လျှင် ငွေကျပ် ၃၇၀၀၀၀၀၊ ပေါ်ဆန်း (ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၁၅၀၀၀၀၊ မနောသုခ(စပါး)တင်း ၁၀၀လျှင် ငွေကျပ် ၂၆၀၀၀၀၀၊ မနောသုခ(ဆန်)၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၉၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း၊ ကန့်ဘလူခရိုင် ကန့်ဘလူမြို့တွင် ရောမင်း (စပါး)တင်း ၁၀၀ လျှင် ငွေကျပ် ၃၀၀၀၀၀၀၊ ရောမင်း (ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၁၃၀၀၀၀၊ ပေါ်ဆန်း(စပါး) တင်း ၁၀၀ လျှင် ငွေကျပ် ၃၅၀၀၀၀၀၊ ပေါ်ဆန်း (ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၁၂၄၀၀၀၊ နှံ့စပါး (ရွှေဝါထွန်း) (စပါး)တင်း ၁၀၀ လျှင် ငွေကျပ် ၁၈၀၀၀၀၀၊ ရွှေဝါထွန်း (ဆန်) ၂၄ ပြည် တစ်အိတ်လျှင် ငွေကျပ် ၈၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးမှ အခြားတိုင်းဒေသကြီး/ ပြည်နယ်များသို့ ဆန်စီးထွက်မှုမှာ ဩဂုတ်လ (နောက်ဆုံးပတ်) တွင် ရန်ကုန်သို့ အိတ်ရေ ၁၅၀၀၀၊ မန္တလေးသို့ အိတ်ရေ ၂၉၁၀၀၊ မကွေးသို့ အိတ်ရေ ၆၀၀၊ နေပြည်တော်သို့ အိတ်ရေ ၅၀၀၀၊ ရှမ်း(တောင်)သို့ အိတ်ရေ ၄၅၀၀၊ ရှမ်း(မြောက်)သို့ အိတ်ရေ ၄၅၀၀၊ ကချင်သို့အိတ်ရေ ၅၀၀ စုစုပေါင်း အိတ်ရေ ၅၉၂၀၀၊ တန်အားဖြင့် ၂၉၆၀ စီးထွက်ခဲ့ပြီး စက်တင်ဘာလ (ပထမပတ်) တွင် ရန်ကုန်သို့ အိတ်ရေ ၁၁၀၀၀၊ မန္တလေးသို့ အိတ်ရေ ၂၃,၇၀၀၊ မကွေးသို့ အိတ်ရေ ၆၀၀၊ နေပြည်တော်သို့ အိတ်ရေ ၅၀၀၀၊ ရှမ်း(တောင်)သို့ အိတ်ရေ ၃၅၀၀၊ ရှမ်း(မြောက်)သို့ အိတ်ရေ ၃၅၀၀၊ ကချင်သို့ အိတ်ရေ ၂၀၀ စုစုပေါင်းအိတ်ရေ ၄၇၅၀၀၊ တန်အားဖြင့် ၂၃၇၅ တန် စီးထွက်ခဲ့ကြောင်း သိရသည်။

**DOCA (စစ်ကိုင်း)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း ကယားပြည်နယ်(၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ (ပြည်နယ်အဆင့်) ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်ချီးမြှင့်၊ လွိုင်ကော်မြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

လွိုင်ကော် စက်တင်ဘာ ၁၂

**ကယားပြည်နယ် ၂၀၂၃ ခုနှစ် (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို ၊ အက၊ အရေး ၊ အတီး ပြိုင်ပွဲ (ပြည်နယ်အဆင့်) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။**




အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း၊ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်ဝန်ကြီးများ၊ ဒေသကွပ်ကဲရေးမှူး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်နယ်အမျိုးသမီးရေးရာကော်မတီ၊ ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီ အသီးသီးမှ ကော်မတီဝင်များ၊ ပြိုင်ပွဲအကဲဖြတ် ပညာရှင်ဒိုင်ချုပ်နှင့် ဒိုင်များ၊ ပြိုင်ပွဲဝင်များနှင့် မိသားစုဝင်များ၊ အနုပညာချစ်မြတ်နိုးသည့် တိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒေသကွပ်ကဲရေးမှူးတို့က (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ (ပြည်နယ်အဆင့်) ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(အပေါ်ယာပုံ)**

### အမှာစကားပြောကြား

ထို့နောက် ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် ဖျော်ဖြေရေးအဖွဲ့များက တေးသီချင်းများ၊ တိုင်းရင်းသားရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်ကြရာ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်နှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ဖျော်ဖြေရေး အဆို၊ အကအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြကာ ပြိုင်ပွဲဝင်အဖွဲ့များနှင့် ပြိုင်ပွဲဝင်မိသားစုများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

### စနစ်တကျရွေးချယ်

ဆက်လက်၍ ပြိုင်ပွဲများကို ကျင်းပပြုလုပ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် ပြိုင်ပွဲအကဲဖြတ်ဒိုင်ချုပ်၊ အကဲဖြတ်ဒိုင်အဖွဲ့များနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ ပြည်ထောင်စုအဆင့်သို့ သွားရောက်ယှဉ်ပြိုင်မည့် သတ်မှတ်အရည်အချင်းများနှင့် ပြည့်မီသည့် ပြိုင်ပွဲဝင်များအား စနစ်တကျရွေးချယ်ပေးကြရန်မှာကြားသည်။

ကယားပြည်နယ် (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ (ပြည်နယ်အဆင့်) ပြိုင်ပွဲကို ယနေ့စက်တင်ဘာ ၁၂ ရက်မှ ၁၄ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ပညာရှင်နှင့်ဝါသနာရှင် စုစုပေါင်း ပြိုင်ပွဲဝင်ဦးရေ ၃၆၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကာ ပြည်နယ်အဆင့်ပြိုင်ပွဲဆုချီးမြှင့်ပွဲအခမ်းအနား၌ အဆို၊ အက၊ အရေး၊ အတီး ကဏ္ဍအလိုက် ဆုရရှိသူများကို ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

### ကြည့်ရှုစစ်ဆေး

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လွိုင်ကော်မြို့ ကန္တရဝတီ ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ ပြည်နယ်သြဝါဒါစရိယ သီရိမင်္ဂလာပုံ(ဟော်ကြီး)ကျောင်း ဆရာတော်အရှင်သူမြတ်ထံ ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ကလျာဏထေရဝါသ နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးကာ ကျောင်းဆောင်သစ် ဆောက်လုပ်ရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် စိုက်ပျိုးရေး၊ မွေးမြူရေး အထက်တန်းကျောင်း (ချိကယ်) သို့သွားရောက်၍ ကျောင်းသား ကျောင်းသူများ စာသင်ကြားနေမှုများကို ကြည့်ရှုပြီး ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ကျောင်းပရဝဏ်အတွင်း နှစ်ထပ်စာသင်ဆောင် ဆောက်လုပ်နေမှု အခြေအနေ၊ စိုက်ပျိုးရေးစိုက်ခင်းများနှင့် မွေးမြူရေးခြံများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ထေးသမရပ်ကွက်ရှိ မောဒူဒီးဘိုးဟိုး ခန်းမဆောင်၌ ကေ့ထျိုးဘိုး ဂေါပကအဖွဲ့ဝင်များ၊ ထေးသမရပ်ကွက်တွင် နေထိုင်နေကြသော ယာယီနေရပ်စွန့်ခွာပြည်သူများနှင့်တွေ့ဆုံ၍ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ ဒေသတည်ငြိမ်အေးချမ်းရေးအတွက် တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းပြောကြားပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ကေ့ထျိုးဘိုးဂေါပကအဖွဲ့အတွက် ထောက်ပံ့ငွေများကိုလည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်က ထေးသမရပ်ကွက်ရှိ ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် ထောက်ပံ့ငွေများကိုလည်းကောင်း ပေးအပ်ကြသည်။

ထို့နောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများက အခက်အခဲများနှင့် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ဖြည့်စွက်ဆွေးနွေးပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အလေးမပြိုင်ပွဲ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၂**

အလေးမအားကစားနည်း အဆင့်အတန်း တိုးတက်မြင့်မားလာစေရန်နှင့် မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ၂၀၂၃ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အလေးမပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီက နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အလေးမ လေ့ကျင့်ရေးရုံ၌ စတင်ကျင်းပသည်။





ယနေ့တွင် ပြည်နယ်နှင့် တိုင်းဒေသကြီး အလေးမပြိုင်ပွဲ ပထမနေ့ ပြိုင်ပွဲပွဲစဉ်များအဖြစ် အမျိုးသား/အမျိုးသမီး ဝိတ်တန်းအလိုက်ပြိုင်ပွဲများ ယှဉ်ပြိုင်ကစားကြရာ အမျိုးသမီး(၄၅) ကီလိုတန်းပြိုင်ပွဲတွင် မယဉ်ယဉ်ထွေး(ပဲခူး)က ပထမ၊ မချိုဇင်မြင့်(မကွေး)က ဒုတိယ၊ မခိုင်သဇင်အောင် (ရောဝတီ) က တတိယနှင့် အမျိုးသား(၅၅) ကီလိုပြိုင်ပွဲတွင် မောင်ထက်အာကာဖြိုး (မကွေး) က ပထမ၊ မောင်ပြည့်စုံဦး (ရောဝတီ)က ဒုတိယနှင့် မောင်မျိုးမင်းထက်(ရောဝတီ)က တတိယ ရရှိကြပြီး မောင်ထက်အာကာဖြိုး (မကွေး) သည် ပြည်နယ်နှင့် တိုင်းဒေသကြီး ပြိုင်ပွဲသတ်မှတ်စံချိန် (၉၅)ကီလိုကို (၉၆)ကီလိုဖြင့် အမြန်စံချိန်သစ်တင်နိုင်ခဲ့သည်။

အဆိုပါပြိုင်ပွဲသို့ အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဥက္ကါအေးနှင့် တာဝန်ရှိသူများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြည့်ရှုအားပေးသည်။**(အပေါ်ပုံ)**

စက်တင်ဘာ ၁၃ ရက် နံနက် ၉နာရီတွင် ပြည်နယ်နှင့် တိုင်းဒေသကြီး အလေးမပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသမီး(၄၉)ကီလိုပြိုင်ပွဲ၊ အမျိုးသား(၆၁)ကီလိုပြိုင်ပွဲနှင့် အမျိုးသမီး(၅၅) ကီလိုပြိုင်ပွဲများကို ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အလေးမပြိုင်ပွဲကို စက်တင်ဘာ ၁၂ ရက်မှ ၁၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင်အမျိုးသား အသင်း ၁၃ သင်း၊ အမျိုးသမီးအသင်း ၁၁ သင်း၊ ပြိုင်ပွဲဝင်အင်အား စုစုပေါင်း ၁၇၂ ဦး ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်၍ မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ပဲခူးမြို့ အထက(၁)၌ကျင်းပ

**ပဲခူး စက်တင်ဘာ ၁၂**

စက်တင်ဘာ ၁၆ ရက်တွင် ကျရောက်မည့် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက ပဲခူးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။ **(အောက်ပုံ)**

အဆိုပါ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို ကျောင်းသား ကျောင်းသူများ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာအသိအမြင်များရရှိစေရန်၊ အိုဇုန်းလွှာပျက်စီးမှုနှင့် ရာသီဥတုပြောင်းလဲမှုတို့အကြား ဆက်နွယ်ချက်ကိုသိရှိပြီး အိုဇုန်းလွှာကာကွယ်ရေးဆိုင်ရာလှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ပြီး ပဲခူးခရိုင်အတွင်းရှိ ပဲခူး၊ ကဝ ၊ဝေါ၊ သနပ်ပင်မြို့နယ်များရှိ အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသားကျောင်းသူ ၆၇ ဦးတို့က ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ်ဖြစ်သည့် "ရာသီဥတုပြောင်းလဲမှုလျှော့ချရေး အိုဇုန်းလွှာထိန်းသိမ်းကာကွယ်ပေး" ခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်ကြရာ တိုင်းဒေသကြီးပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်မိုး၊ တိုင်းဒေသကြီး ပညာရေးမှူး ဆရာကြီးဦးစိုးလွင်နှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးကြောင်း သိရသည်။ **မောင်ကျော်ကြီး**



**လူသားတို့၏ ကျန်းမာရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်းနှင့် ဦးရန်ကျော် လားရှိုးမြို့ရှိ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ

**လားရှိုး စက်တင်ဘာ ၁၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်တို့သည် ယနေ့မွန်းလွဲပိုင်းတွင် လားရှိုးမြို့ မြို့တော်ခန်းမ၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်းက နိုင်ငံတော်ကို ပခုံးပြောင်း တာဝန်ယူထမ်းဆောင်ကြမည့် လူငယ်များအနေဖြင့် ပညာတတ်မြောက်ရန် လိုအပ်ကြောင်း၊ နိုင်ငံတော်အတွက် လူသားအရင်းအမြစ် ပညာတတ်များစွာ ပေါ်ထွက်လာရန် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် တိုင်းရင်းသားပြည်သူများအားလုံး စာတတ်မြောက်ရန်နှင့် အတတ်ပညာ၊ အသိပညာများရရှိနိုင်ရန် အထူးအလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း။

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သောကြောင့် ပညာတတ်မြောက်မှသာ ဘဝရပ်တည်ရေးကို စိတ်အေးချမ်းသာစွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး အကျိုးဝင်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံသော ကုန်ထုတ်လုပ်ငန်းများကို မြှင့်တင်ရန်၊ နိုင်ငံ့စီးပွားမြှင့်တင်ရန်နှင့် ပြည်သူတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားလာစေရန် ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ လူမှုစီးပွားဘဝ တိုးတက်အောင်မြင်အောင် ဆောင်ရွက်ရာတွင် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍနှစ်ရပ် ပါဝင်ပါကြောင်း၊ ထို့ကြောင့် ပညာရေးကို မဖြစ်မနေ တိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ ပြည်သူအားလုံး ကျန်းမာရေး ကောင်းမွန်စေရေးအတွက်လည်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။ **(အပေါ်ယာပုံ)**





ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော်က ဒေသဖွံ့ဖြိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံတော်တည်ဆောက်ရေးတွင် လိုအပ်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက တိုင်းရင်းသားစာပေယဉ်ကျေးမှု၊ သင်ရိုးညွှန်းတမ်း၊ ပညာရေး၊ စားဝတ်နေရေး၊ စက်မှုဇုန်၊ မွေးမြူရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ပြန်လည်ရှင်းလင်းဆွေးနွေး ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်း၊ ဦးရန်ကျော်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် တိုင်းရင်းသား စာပေယဉ်ကျေးမှုအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များသည် လားရှိုးမြို့ မန်ဆူရှမ်းကျောင်းဆရာတော် ဒေါက်တာဘဒ္ဒန္တတ ပုညနန္ဒအား သွားရောက်ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တန်ဖိုးနည်းလက်ဆွဲကောက်စိုက်စက်များဖြင့် နွေစပါးအကြို စိုက်ပျိုးခြင်းကွင်းသရုပ်ပြပွဲနှင့် လယ်ယာသုံးစက်ကိရိယာမောင်းနှင်မှုသင်တန်းဖွင့်ပွဲသို့ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် တက်ရောက်အားပေး

**ပဲခူး စက်တင်ဘာ ၁၂**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် အဖွဲ့ဝင်များသည် စက်တင်ဘာ ၁၂ ရက် နံနက်ပိုင်းက သနပ်ပင်မြို့နယ် ဖရဲကျေးရွာအုပ်စု၌ တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် ဝယ်ယူထားသည့် တန်ဖိုးနည်းလက်ဆွဲ ကောက်စိုက်စက်များဖြင့် နွေစပါးအကြို စိုက်ပျိုးခြင်းကွင်းသရုပ်ပြပွဲနှင့် ဘုရားကြီးမြို့ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်မှုသင်တန်းဖွင့်ပွဲသို့တက်ရောက်အားပေးသည်။



ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပဲခူးခရိုင်အတွင်းရှိ ပဲခူးမြို့နယ်၊ သနပ်ပင်မြို့နယ်၊ ကဝမြို့နယ်နှင့် ဝေါမြို့နယ်ရှိ တောင်သူလယ်သမားများ၊ အုန်းနဲ့ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအထက်တန်းကျောင်းမှ စိုက်ပျိုးရေးအထူးပြုကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံပြီး စိုက်ပျိုးရေးကဏ္ဍဘက်စုံ ဖွံ့ဖြိုးတိုးတက်စေရေး၊ စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေး၊ စိုက်ပျိုးနည်းစနစ်များ ပြောင်းလဲနိုင်ရေး၊ သက်တမ်းတိုပြီး အထွက်နှုန်းကောင်းသော မျိုးကောင်းမျိုးသန့်များ ဖူလုံစွာရရှိရေး တိုင်းဒေသကြီး အစိုးရအဖွဲ့က နည်းလမ်းပေါင်းစုံဖြင့် ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိနေမှုများကို ရှင်းလင်းပြောကြားပြီး လေ့လာရေး လာရောက်သည့် ကျောင်းသား ကျောင်းသူများအား ငွေကျပ်ငါးသိန်း ထောက်ပံ့ပေးအပ်သည်။

ထို့နောက် တက်ရောက်လာသည့် တောင်သူလယ်သမားများ၊ ကျောင်းသား ကျောင်းသူများအား စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနတို့မှ တာဝန်ရှိသူများက တန်ဖိုးနည်းလက်ဆွဲကောက်စိုက်စက် အသုံးပြုပုံများ၊ ပျိုးထောင်ပုံ နှင့် ပျိုးထုံးများ လှီးဖြတ်ပုံ အဆင့်ဆင့်တို့အား လက်တွေ့သရုပ်ပြ ရှင်းလင်းပြောကြားပြီး တန်ဖိုးနည်းလက်ဆွဲ ကောက်စိုက်စက်များဖြင့် နွေစပါးအကြို စိုက်ပျိုးခြင်းကွင်း သရုပ်ပြပွဲကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပဲခူးမြို့နယ် ဘုရားကြီးမြို့ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု (အထူး) တောင်သူသင်တန်း အမှတ်စဉ် (၂/၂၀၂၃-၂၀၂၄) ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကား ပြောကြားသည်။ ယင်းနောက် စက်မှုလယ်ယာ သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးသန်းထွန်းက သင်တန်းဖွင့်လှစ်ရခြင်းကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားပြီး သင်တန်းတွင် စာတွေ့/လက်တွေ့ သင်ကြားမည့် လယ်ယာသုံး စက်ကိရိယာများအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## မလှိုင်မြို့နယ် သမဝါယမအသင်းစုနှစ်ပတ်လည် စည်းဝေး

**မလှိုင် စက်တင်ဘာ ၁၂**

မလှိုင်မြို့နယ် သမဝါယမအသင်းစု၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ယမန်နေ့က မလှိုင်မြို့နယ်သမဝါယမအသင်းစုရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိ ဦးကျော်ခွေး၊ တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မိုးတင့်၊ တိုင်းစုချုပ်အတွင်းရေးမှူး ဦးသိန်းမြင့်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းထက်တို့က အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်လင်းကိုက လုပ်ငန်းဆိုင်ရာများ ရှင်းလင်းပြောကြားသည်။

ထို့နောက် အသင်းစု၏ဘဏ္ဍာရေးရှင်းတမ်း၊ အသင်း၏ ရှေ့လုပ်ငန်းစဉ်များ၊ အသင်းစာရင်းစစ်အစီရင်ခံစာများကို ဒါရိုက်တာအဖွဲ့ဝင်များက ဖတ်ကြားတင်ပြရာ သဘာပတိက အသင်းဝင်များထံမှ အတည်ပြုချက် ရယူဆောင်ရွက်ခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**



မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့ပြည်သူ့ဆေးရုံ၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဆန်းဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး မောင်မောင်ကျော်နှင့်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများက စက်တင်ဘာ ၉ ရက်တွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ မျိုးမြတ်(ဆီဆိုင်)

❖ *ရွှေဖုံးမှ*

အသိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်ပေးထားကြောင်း သိရသည်။

ယခုအခါ မိုးရွာသွန်းမှု လျော့နည်းသွားသဖြင့် ကြီးအုံကြီးဝတမံ၏ ရေပိုလွှဲမှ ရေကျော်ကျမှု တဖြည်းဖြည်း လျော့နည်းကျဆင်းလာပြီး ယနေ့ နံနက် ၆ နာရီတိုင်းထွာရာ၌ တမံရေပိုလွှဲမှ ၄ ဒသမ ၉ ပေခန့်သာ ရေကျော်ကျမှု ရှိတော့ကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ် အတွင်းရှိ ကြီးအုံကြီးဝတမံသည် မင်းဘူးခရိုင်အတွင်း ဆည်ရေအများဆုံး သိုလှောင်ထားနိုင်သည့် တမံတစ်ခုဖြစ်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

## လက်ပံတန်း၌ စက်ချုပ်နည်းပညာသင်တန်းဆင်း

**လက်ပံတန်း စက်တင်ဘာ ၁၂**

ပဲခူးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် မိသားစုဝင်ငွေတိုးရေးစီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သည့် စက်ချုပ်နည်းပညာသင်တန်းဆင်းပွဲကို စက်တင်ဘာ ၈ ရက်က ချမ်းသာကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် သာယာဝတီခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစန်းဝင်းက အမှာစကားပြောကြားပြီး ထူးချွန်သင်တန်းသူငါးဦးအား ဆုများချီးမြှင့်သည်။ အဆိုပါ စက်ချုပ်နည်းပညာသင်တန်းကို အခြေခံနှင့် မွမ်းမံ ၄၅ ရက် သင်ကြားပို့ချပေးပြီး ချမ်းသာကုန်းကျေးရွာအုပ်စုမှ သင်တန်းတက်ရောက်သူ ၁၅ ဦးအနက် ထူးချွန်သင်တန်းသူငါးဦးကို ထောက်ပံ့ငွေကျပ် ၁၀ သိန်းနှင့်ညီမျှသည့် စက်ပစ္စည်းများ ထောက်ပံ့ပေးကာ လုပ်ငန်းထူထောင်သူ လုပ်ငန်းရှင်ဖြစ်ပေါ်ရေး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဖြိုးဖြိုးအောင်က ပြောကြားသည်။ **မြို့နယ်(ပြန်/ဆက်)**

# လက်ရှိကာလတွင် ကမ္ဘာ့နိုင်ငံများက လူကုန်ကူးမှုများအား နိုင်ငံဖြတ်ကျော် မှုခင်းအမျိုးအစားတစ်ရပ်အဖြစ် လက်ခံထားကြပြီး နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းအားထုတ် တားဆီးကာကွယ်နေကြသော်လည်း ဖြစ်ပွားမှုမြင့်မားနေဆဲ

## ကောဒသသမအကြိမ်မြောက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့၊ ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်ထံမှ ပေးပို့သည့် သဝဏ်လွှာ

(၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်)

၁။ လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ကာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင် ဆောင်ရွက်လာစေရန် စက်တင်ဘာလ ၁၃ ရက်နေ့ကို မြန်မာနိုင်ငံ၏ လူကုန်ကူးမှု တိုက်ဖျက်ရေးနေ့အဖြစ် ၂၀၁၃ ခုနှစ်မှ စတင်သတ်မှတ်ခဲ့ရာ ယခုအခါ ကောဒသသမ အကြိမ်မြောက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့သို့ ကျရောက်ခဲ့ပြီ ဖြစ်ပါသည်။

၂။ လူကုန်ကူးမှုသည် လူသားအချင်းချင်း စာနာမှုကင်းမဲ့စွာဖြင့် ခေါင်းပုံဖြတ် အမြတ်ထုတ်သော လူ့အခွင့်အရေး ချိုးဖောက်မှုတစ်ရပ်ဖြစ်ပါသည်။ လူ့အခွင့်အရေးနှင့် ဂုဏ်သိက္ခာကို ခြိမ်းခြောက်ရုံသာမက လူ့အဖွဲ့အစည်းကိုလည်း ထိခိုက်စေနိုင်ပါသည်။ လူကုန်ကူးသူများသည် ဘဝရပ်တည်ရန် ခက်ခဲနေသော အခြေအနေကို အခွင့်အရေးတစ်ရပ်အဖြစ် အသုံးချလျက်ရှိပါသည်။ လက်ရှိကာလတွင် ကမ္ဘာ့နိုင်ငံများက လူကုန်ကူးမှုများအား နိုင်ငံဖြတ်ကျော် မှုခင်းအမျိုးအစားတစ်ရပ်အဖြစ် လက်ခံထားကြပြီး နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းအားထုတ် တားဆီးကာကွယ်နေကြသော်လည်း ဖြစ်ပွားမှု မြင့်မားနေဆဲပင်ဖြစ်ပါသည်။

၃။ မြန်မာနိုင်ငံသည် ၂၀၀၀ ပြည့်နှစ်တွင် ပြဋ္ဌာန်းခဲ့သော နိုင်ငံဖြတ်ကျော် အုပ်စုဖွဲ့မှုခင်းတိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (United Nations Convention against Transnational Organized Crime) (UNCTOC) နှင့် နောက်ဆက်တွဲစာချုပ်ဖြစ်သည့် အမျိုးသမီးနှင့် ကလေးသူငယ်များအပေါ် အထူးပြုသော လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးနှင့် ပြစ်ဒဏ်ပေးရေးဆိုင်ရာစာချုပ် (Protocol to Prevent, Suppress and Punish Trafficking in Persons, especially Women and Children)၊ ကုန်းလမ်း၊ ရေလမ်းနှင့် လေကြောင်းအသုံးပြု၍ ရွှေ့ပြောင်းသွားလာသူများအား မှောင်ခိုပို့ဆောင်မှုဆိုင်ရာစာချုပ် (Protocol against the Smuggling Of Migrants by Land, Sea and Air) တို့ကို ၂၀၀၄ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့တွင်လည်းကောင်း၊ လူကုန်ကူးခြင်း အထူးသဖြင့် အမျိုးသမီးနှင့် ကလေးသူငယ်များအပေါ် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အာဆီယံကွန်ဗင်းရှင်း (ASEAN Convention Against Trafficking in Persons Especially Women and Children-ACTIP)ကို ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့တွင်လည်းကောင်း အတည်ပြုလက်မှတ်ရေးထိုးခဲ့ပါသည်။

၄။ ထို့အပြင် မဲခေါင်ဒေသတွင်း နိုင်ငံများဖြစ်သော ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်(၆)နိုင်ငံပါဝင်သော မဲခေါင်မြစ်ဝှမ်းဒေသအတွင်း လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ (Memorandum of Understanding on Cooperation against Trafficking in the Greater Mekong Sub-Region(COMMIT MoU)ကို ၃၀-၃-၂၀၀၄ ရက်နေ့တွင်လည်းကောင်း၊ တရုတ်၊ ထိုင်း၊ လာအို၊ အိန္ဒိယနိုင်ငံတို့နှင့် နှစ်နိုင်ငံအကြား လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာများကိုလည်းကောင်း လက်မှတ်ရေးထိုးခဲ့ပြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုယန္တရားများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံဖြတ်ကျော်မှုခင်းတိုက်ဖျက်ရေးဆိုင်ရာ အာဆီယံဝန်ကြီးအဆင့် အစည်းအဝေး (ASEAN Ministerial Meeting on Trans-national Crime - AMMTC)၊ နိုင်ငံဖြတ်ကျော် မှုခင်းတိုက်ဖျက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးအဆင့်အစည်းအဝေး(Senior Officials Meeting on Transnational Crime - SOMTC)နှင့် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ဘာလီလုပ်ငန်းစဉ် (Bali Process) စသည့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေး ယန္တရားများတွင်လည်း တက်ကြွစွာပူးပေါင်းပါဝင်လျက်ရှိပြီး အဆိုပါ ယန္တရားများ၏ Policy Guideline များနှင့်အညီ နိုင်ငံအဆင့်၊ ဒေသအဆင့် ဦးစားပေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၅။ မြန်မာနိုင်ငံတွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့က ဦးဆောင်၍ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ပူးပေါင်းပါဝင်မှုတို့ဖြင့် လူကုန်ကူးမှု ကြိုတင်ကာကွယ်ရေး၊ လူကုန်ကူးခံရသူများအား ကာကွယ်စောင့်ရှောက်ရေးနှင့် လူကုန်ကူးမှု မှုခင်းများအား တရားစွဲဆိုရေးလုပ်ငန်းများကို (၅)နှစ်စီမံကိန်းများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ စတုတ္ထ(၅)နှစ်စီမံကိန်း (၂၀၂၂-၂၀၂၆)ကို ဟန်ချက်ညီညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

> ❑ **ပြည်တွင်း အလုပ်အကိုင် ရှားပါးမှု၊ လုပ်ခလစာ နည်းပါးမှုအပါအဝင် ဘဝရပ်တည်ရန် ခက်ခဲသည့် အခြေအနေများကြောင့် ပြည်ပနိုင်ငံအသီးသီးသို့ တရားဝင် / တရားမဝင် ရွှေ့ပြောင်းသွားလာလုပ်ကိုင်ကြရာမှ ပွဲစားများ၏မက်လုံးပေးစည်းရုံးမှုကြောင့်လည်းကောင်း၊ တရားဝင်အလုပ်သမားစေလွှတ်ရန် သဘောတူညီချက် လက်မှတ်ရေးထိုးထားခြင်းမရှိသော နိုင်ငံများသို့ တရားမဝင်ပို့ဆောင်ခံရခြင်းကြောင့်လည်းကောင်း လုပ်အားခေါင်းပုံဖြတ်မှုနှင့် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ် အမြတ်ထုတ်မှုတို့ကို ခံနေကြရပါသည်။ မြန်မာနိုင်ငံသည်** Online **ကို အသုံးပြု၍ လိမ်လည်မှုကျူးလွန်ရန်အလို့ငှာ အဓမ္မစေခိုင်းမှုများကို လတ်တလောရင်ဆိုင်ကြုံတွေ့နေရပြီး အခြားနိုင်ငံများမှ နိုင်ငံသားများလည်း အဆိုပါဖြစ်စဉ်များတွင် ပါဝင်လာသည့်အတွက် တားဆီးထိန်းချုပ်နိုင်ရန် အလေးအနက်ထား ဆောင်ရွက်လျက်ရှိ**

၆။ မြန်မာနိုင်ငံသားများသည် အဓမ္မလုပ်အားခိုင်းစေမှု၊ လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်မှု၊ အဓမ္မလက်ထပ်ထိမ်းမြားမှု စသည့် လူကုန်ကူးမှုပုံစံများဖြင့် ပြည်တွင်းအပါအဝင် အိမ်နီးချင်းနိုင်ငံများနှင့် အခြားနိုင်ငံများသို့ နှစ်စဉ်လူကုန်ကူးခြင်း ခံနေရပါသည်။ ပြည်တွင်း အလုပ်အကိုင် ရှားပါးမှု၊ လုပ်ခလစာ နည်းပါးမှုအပါအဝင် ဘဝရပ်တည်ရန် ခက်ခဲသည့် အခြေအနေများကြောင့် ပြည်ပနိုင်ငံအသီးသီးသို့ တရားဝင်/တရားမဝင် ရွှေ့ပြောင်းသွားလာလုပ်ကိုင်ကြရာမှ ပွဲစားများ၏ မက်လုံးပေးစည်းရုံးမှုကြောင့် လည်းကောင်း၊ တရားဝင် အလုပ်သမားစေလွှတ်ရန် သဘောတူညီချက် လက်မှတ်ရေးထိုးထားခြင်းမရှိသော နိုင်ငံများသို့ တရားမဝင် ပို့ဆောင်ခံရခြင်းကြောင့် လည်းကောင်း လုပ်အားခေါင်းပုံဖြတ်မှုနှင့် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ် အမြတ်ထုတ်မှုတို့ကို ခံနေကြရပါသည်။ မြန်မာနိုင်ငံသည် Online ကို အသုံးပြု၍ လိမ်လည်မှု ကျူးလွန်ရန်အလို့ငှာ အဓမ္မစေခိုင်းမှုများကို လတ်တလော ရင်ဆိုင်ကြုံတွေ့နေရပြီး အခြားနိုင်ငံများမှ နိုင်ငံသားများလည်း အဆိုပါဖြစ်စဉ်များတွင် ပါဝင်လာသည့်အတွက် တားဆီးထိန်းချုပ်နိုင်ရန် အလေးအနက်ထား ဆောင်ရွက်လျက်ရှိပါသည်။

၇။ လူကုန်ကူးမှုနှင့်စပ်လျဉ်းပြီး ပြည်သူလူထုအကြား ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရန် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ Billboard နှင့် ပိုစတာများ စိုက်ထူခြင်း၊ Talk Show များ ပြုလုပ်ခြင်း၊ နိုင်ငံပိုင်သတင်းမီဒီယာများမှ အသိပညာပေးဇာတ်လမ်းတိုများ ထုတ်လွှင့်ပြသခြင်း၊ အဝေးပြေးကားဂိတ်များ၊ ခရီးသည်တင် မော်တော်ယာဉ်များတွင် လူကုန်ကူးမှု အသိပညာပေး Sticker များ ကပ်ခြင်း၊ တယ်လီဖုန်းအော်ပရေတာများမှတစ်ဆင့် အများပြည်သူ သိရှိနိုင်ရေး SMS များပေးပို့ခြင်း စသည့် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

၈။ လူကုန်ကူးမှုများ၊ လူကုန်ကူးခံရသူများနှင့်စပ်လျဉ်း၍ (၂၄)နာရီ သတင်းပေးတိုင်ကြားနိုင်သည့် Hot Line ဖုန်းများကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ မူဆယ်တို့တွင် တပ်ဆင်ခဲ့ပြီး လူကုန်ကူးမှုများကို အချိန်နှင့်တစ်ပြေးညီ ဖော်ထုတ်ခြင်း၊ အရေးယူခြင်းနှင့် ကယ်တင်ခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် ရွှေ့ပြောင်းသွားလာမည့် အလုပ်သမားများနှင့် ၎င်းတို့၏ မိသားစုဝင်များအား သတင်းအချက်အလက်များမျှဝေနိုင်ရန်နှင့် အသိပညာပေးနိုင်ရန် ရွှေ့ပြောင်းလုပ်သားများအား ထောက်ပံ့ကူညီပေးရေးဆိုင်ရာ ဗဟိုဌာနများ ဖွင့်လှစ်ပြီး အသိပညာများ မျှဝေဖလှယ်ပေးလျက်ရှိပါသည်။

၉။ ကာကွယ်စောင့်ရှောက်ရေးအနေဖြင့် "လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ အမျိုးသားအဆင့် စံလုပ်ငန်းအစီအစဉ်" နှင့်အညီ လူကုန်ကူးခံရသူများအား ခရီးစရိတ်၊ ဆေးကုသစရိတ်နှင့် ကျွေးမွေးစရိတ်များ ထောက်ပံ့ပေးခြင်း၊ ဘဝပြန်လည်ထူထောင်နိုင်ရန်နှင့် ရပ်တည်နိုင်ရန်တို့အတွက် တစ်ဦးချင်းလိုအပ်ချက်များကို ထောက်ပံ့ပေးခြင်း စသည်တို့ကို ဆောင်ရွက်လျက်ရှိပါသည်။ လူကုန်ကူးခံရသူများအား မြဝတီ၊ မူဆယ်၊ ကော့သောင်း၊ မန္တလေး၊ ရန်ကုန် စသည့်မြို့များရှိ ယာယီလက်ခံ စောင့်ရှောက်ရေးဂေဟာများတွင် ယာယီလက်ခံစောင့်ရှောက်ထားစဉ် အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းထောက်ပံ့ပေးခြင်း၊ ကျန်းမာရေးဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ စောင့်ရှောက်မှုပေးခြင်းတို့တွင် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

၁၀။ မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့် စပ်လျဉ်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် စတုတ္ထ(၅)နှစ်စီမံကိန်း (၂၀၂၂-၂၀၂၆)၏ လုပ်ငန်းကဏ္ဍ (၄) ရပ်ဖြစ်သော မူဝါဒနှင့် ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ (Policy and Cooperation) ပါ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ် (၂၃)ခု၊ ကြိုတင်ကာကွယ်ရေးကဏ္ဍ (Prevention)ပါ အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းစဉ် (၁၆) ခု၊ တရားစွဲဆိုရေးကဏ္ဍ (Prosecution) ပါ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ် (၂၀) ခု၊ ကာကွယ်စောင့်ရှောက်ရေးကဏ္ဍ (Protection) ပါ အကောင်အထည်ဖော် ဆောင်ရွက်မည့်လုပ်ငန်းစဉ် (၂၅) ခုတို့ကိုလည်း ထိရောက်အောင်မြင်စေရန်အတွက် ဟန်ချက်ညီညီ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။

၁၁။ ယခု ၂၀၂၃ ခုနှစ် ကောဒသသမအကြိမ်မြောက် မြန်မာနိုင်ငံလူကုန်ကူးမှု တိုက်ဖျက်ရေးနေ့၏ ဆောင်ပုဒ်ဖြစ်သော **"လူကုန်ကူးခံရသူတိုင်းကို ဖော်ထုတ်သတ်မှတ်ပြီး ကာကွယ်စောင့်ရှောက်မှုရရှိဖို့ ဆောင်ရွက်ကြပါစို့"** ဆိုသည့်အတိုင်း လူကုန်ကူးခံရသူ ဗဟိုပြုသည့် စုံစမ်းစစ်ဆေးခြင်းနှင့် လူကုန်ကူးခံရသူ ဟုတ်/ မဟုတ် စိစစ်ခြင်း၊ လူကုန်ကူးခံရသူများအား အပြည့်အဝကာကွယ် စောင့်ရှောက်မှုပေးခြင်းတို့ဖြင့် လူကုန်ကူးမှုများ လျော့နည်းကျဆင်းစေရန် ထိန်းချုပ်နိုင်မည်ဟု ယုံကြည်ပါကြောင်း သဝဏ်လွှာပေးပို့အပ်ပါသည်။

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ပြန်လည်ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၂**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၏ ဖိတ်ကြားချက်ဖြင့် စက်တင်ဘာ ၆ ရက်မှ ၁၂ ရက်အထိ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ သွားရောက်ခဲ့သည့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ၅ နာရီက ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဥပဒေချုပ် ဦးဌေးအောင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးနှင့် ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုကြသည်။

ခရီးစဉ်အတွင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တို့အကြား ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်သွားနိုင်ရေးအတွက် နားလည်မှုစာချွန်လွှာတစ်ရပ်ကို စက်တင်ဘာ ၇ ရက်က ရုရှားနိုင်ငံ မော်စကိုမြို့ရှိ ဗဟိုရွေးကောက်ပွဲကော်မရှင်ရုံး၌ လက်မှတ်ရေးထိုးခဲ့သည်။



စက်တင်ဘာ ၈ ရက်တွင် ကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်သတင်းအချက်အလက်စင်တာ **(အပေါ်ပုံ)** သို့ သွားရောက်၍ လုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့် ဆောင်ရွက်ပုံနည်းလမ်းများ၊ စက်တင်ဘာ ၉ ရက်နှင့် ၁၀ ရက်တို့တွင် မော်စကိုမြို့နှင့် မော်စကိုဒေသတစ်ဝိုက် လှည့်လည်ကြည့်ရှုခြင်းနှင့် ဒေသန္တရရွေးကောက်ပွဲမဲပေးနေမှုအခြေအနေများကို လေ့လာခဲ့ကြသည်။

အဆိုပါလေ့လာရေးခရီးစဉ်အတွင်း ရုရှားနိုင်ငံနှင့်ဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်နိုင်မည့် နည်းလမ်းများ၊ မဲဆန္ဒရှင်အသိပညာပေးလုပ်ငန်းများနှင့် မီဒီယာကို စနစ်တကျအသုံးပြုဆောင်ရွက်နိုင်မည့်နည်းလမ်းများ၊ ရွေးကောက်ပွဲတွင် နည်းပညာအကူအညီရယူ၍ ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်နိုင်မည့်နည်းလမ်းများ၊ နှစ်နိုင်ငံအကြား အသိပညာရှင်၊ အတတ်ပညာရှင်များ အပြန်အလှန် အတွေ့အကြုံဖလှယ်နိုင်မည့် နည်းလမ်းများကို နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခြင်းမှတစ်ဆင့် အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရေး ဆွေးနွေးနိုင်ခဲ့ပြီး ရုရှားနိုင်ငံ၏ ရွေးကောက်ပွဲကျင်းပပုံနည်းလမ်းများ၊ ရွေးကောက်ပွဲကျင်းပနိုင်ရေး ဆောင်ရွက်မှုအခြေအနေများ၊ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်း၍ စီမံဆောင်ရွက်နေမှုအခြေအနေများ၊ ရုရှားနိုင်ငံ၏ ဓလေ့ထုံးစံများ၊ ယဉ်ကျေးမှုအမွေအနှစ်များနှင့် သမိုင်းဝင်ထင်ရှားသောနေရာများသို့ လေ့လာနိုင်ခဲ့သည့်အပြင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကိုလည်း ရှင်းနီးပွင့်လင်းစွာ ဆွေးနွေးပြောကြားသည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတရွေးကောက်ပွဲကို ၂၀၂၄ ခုနှစ် မတ်လတွင်ကျင်းပပြုလုပ်မည်ဖြစ်ရာ အဆိုပါရွေးကောက်ပွဲသို့ လာရောက်လေ့လာရန် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌအား ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ Ella Pamfilova က ဖိတ်ကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၂**

(၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများကို ငွေအား၊ လူအား၊ အချိန်အားဖြင့် လုံ့လစိုက်ထုတ်ပြီး စဉ်ဆက်မပြတ်ကျင်းပနိုင်ရန် ဆောင်ရွက်နေခြင်းသည် နိုင်ငံတော်နှင့် နိုင်ငံသူ နိုင်ငံသားများ၏ ရေရှည်အကျိုးကို ရှေးရှုပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရေး၊ ကောင်းမြတ်သောအမွေအနှစ်များ လက်ဆင့်ကမ်းနိုင်ရေးအတွက် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ဖွင့်ပွဲအခမ်းအနား၊ ပြိုင်ပွဲများ ကျင်းပခြင်း၊ ဆုချီးမြှင့်ပွဲ၊ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားများကို ခမ်းနားသိုက်မြိုက်စွာ ကျင်းပသွားမည် ဖြစ်ကြောင်း၊ ထို့ကြောင့် လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ တာဝန်ခံများ အနေဖြင့် (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်နိုင်ရန် ကဏ္ဍအလိုက် ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ရန် ကျန်ရှိသည်များကို သတ်မှတ်အချိန်အတွင်း ပြီးစီးအောင် ဆောင်ရွက်ကြရန်နှင့် နှောင့်နှေးကြန့်ကြာမှုများ ရှိပါက အခက်အခဲများကို တင်ပြဆွေးနွေးသွားကြရန် ပြောကြားသည်။



ထို့နောက် ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါ်နုမြဲဇံက ပြိုင်ပွဲကျင်းပရေးနှင့် ပတ်သက်၍ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ရန် ကျန်ရှိသော လုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကိုယ်စားလှယ်များ၊ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ အဖွဲ့ဝင်များနှင့် ဆပ်ကော်မတီ ဥက္ကဋ္ဌများက မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်မှာကြား၍ နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

# အာဆီယံ – တရုတ် လွတ်လပ်သောကုန်သွယ်မှုဒေသ (ACFTA) သဘောတူညီချက်၏ ပင်ရင်းဒေသစည်းမျဉ်းများဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေးဆွေးနွေးပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၂**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန Academy for International Business Officials (AIBO) တို့ ပူးပေါင်း၍ အာဆီယံ – တရုတ် လွတ်လပ်သောကုန်သွယ်မှုဒေသ (ACFTA) သဘောတူညီချက်၏ ပင်ရင်းဒေသစည်းမျဉ်းများ အကောင်အထည်ဖော်ရေးနှင့် စပ်လျဉ်းသည့် စွမ်းဆောင်ရည် မြှင့်တင်ရေးဆိုင်ရာဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက နေပြည်တော်ရှိ ရုံးအမှတ် (၁) ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၌ ကျင်းပသည်။ **(အောက်ပုံ)**



ဖွင့်ပွဲအခမ်းအနားတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်က ဆွေးနွေးပွဲကို တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား အာဆီယံ – တရုတ် ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမူဘောင် သဘောတူညီချက်အရ ပြင်ဆင်ထားသော စည်းမျဉ်းများကို မိတ်ဆက်ရန်၊ ဌာနဆိုင်ရာ အရာထမ်းများ၏ ဘာသာရပ်ဆိုင်ရာ အသိပညာတိုးတက်စေရန်၊ သီးသန့် ကုန်စည်စည်းမျဉ်းများနှင့် ပင်ရင်းသက်သေခံလက်မှတ်ပုံစံများ၊ လုပ်ငန်းဆောင်ရွက်မှု အသိအမှတ်ပြုလုပ်ငန်းစဉ်များ၊ ဖွဲ့စည်းပုံ၊ ပင်ရင်းနိုင်ငံစည်းမျဉ်းများနှင့် ပတ်သက်သော လုပ်ငန်းများကို ကျွမ်းကျင်စွာ ဆောင်ရွက်တတ်စေရန်နှင့် နားလည်သဘောပေါက်စေရန်၊ ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေး မြှင့်တင်ဆောင်ရွက်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Academy for International Business Officials (AIBO) ၏ ဒုတိယဥက္ကဋ္ဌ Mr. Lei Hao က မိတ်ဆက်အမှာစကား ပြောကြားပြီး ရန်ကုန်မြို့ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးသံမှူး Mr. Ouyang Daobing က အဖွင့်အမှာစကား ပြောကြားသည်။

ဆွေးနွေးပွဲသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ အဆင့်မြင့်အရာထမ်းများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးနှင့် AIBO တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ကျွမ်းကျင်ပညာရှင်များ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနတို့မှ သင်တန်းသား ကိုယ်စားလှယ် ၃၅ ဦး ပါဝင်တက်ရောက်ကြပြီး ဆွေးနွေးပွဲကို ၂၀၂၃ ခုနှစ် စက်တင်ဘာ ၁၅ ရက်အထိ ပြုလုပ်မည်ဖြစ်သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာမှ ကိုယ်စားလှယ်များကို တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဖိတ်ခေါ်၍ အရည်အသွေးမြှင့်တင်ရေးဆိုင်ရာ ဆွေးနွေးပွဲများကို ကျင်းပလျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့် ၂၀၂၃ ခုနှစ်အတွင်း နိုင်ငံ့ဝန်ထမ်းများနှင့် ပုဂ္ဂလိကကဏ္ဍများမှ ကိုယ်စားလှယ် ၄၀၀ ကျော် ပါဝင်တက်ရောက်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာ့လယ်ယာသုံးစက်ကိရိယာစက်ရုံ(အင်းကုန်း)ထုတ် ခြောက်တန်းသွား လက်ဆွဲကောက်စိုက်စက်နှင့် ဗီယက်နမ်နိုင်ငံထုတ် ခြောက်တန်းသွား လက်ဆွဲကောက်စိုက်စက်တို့ ယှဉ်ပြိုင်စမ်းသပ်

**နေပြည်တော် စက်တင်ဘာ ၁၂**

မြန်မာ့လယ်ယာသုံးစက်ကိရိယာစက်ရုံ (အင်းကုန်း) မှ ထုတ်လုပ်သည့် ခြောက်တန်းသွား လက်ဆွဲကောက်စိုက်စက်နှင့် ဗီယက်နမ်နိုင်ငံမှထုတ်လုပ်သည့်ခြောက်တန်းသွားကောက်စိုက်စက်တို့ သရုပ်ပြ နှိုင်းယှဉ်စိုက်ပျိုးပြသခြင်းကို ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေး သုတေသနဦးစီးဌာန ရေဆင်းရှိ စိုက်ကွင်းအတွင်း ပြုလုပ်ရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများ တက်ရောက်ကြည့်ရှု အားပေးသည်။

အဆိုပါ ခြောက်တန်းသွား လက်ဆွဲ ကောက်စိုက်စက်များ ယှဉ်ပြိုင်စမ်းသပ် စိုက်ပျိုးနေမှုအပေါ် ပြည်ထောင်စုဝန်ကြီးက စက်မှုလယ်ယာဦးစီးဌာနမှ ထုတ်လုပ်ပြီး ပထမအကြိမ် လက်တွေ့သရုပ်ပြ ဆောင်ရွက်ချက်အရ အားနည်းချက်များကို ပြန်လည်ပြုပြင်၍ ယခု ဒုတိယအကြိမ် သရုပ်ပြ ဆောင်ရွက်ခြင်းတွင် တိုးတက်ကောင်းမွန်သော စွမ်းဆောင်ရည်တွေ့ရှိရကြောင်း။

**မွမ်းမံပြုပြင်သွားရန်လို**

သို့ရာတွင် ထုတ်လုပ်ထားသော ကောက်စိုက်စက်မှာ ကြံ့ခိုင်မှုရှိသော်လည်း ပေါ့ပါးမှုလိုအပ်သေးသည့်အတွက် ထပ်မံ၍ မွမ်းမံပြုပြင်သွားရန် လိုကြောင်း ပြောကြားပြီး တတိယအကြိမ် သရုပ်ပြသချိန်တွင် ပြည့်စုံကောင်းမွန်သောအင်္ဂါရပ်များရရှိရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

**စမ်းသပ်ထုတ်လုပ်နိုင်**

စက်မှုလယ်ယာ ဦးစီးဌာနအနေဖြင့် တောင်သူများလယ်ယာလုပ်ငန်းတွင် စရိတ်သက်သာစွာဖြင့် အလုပ်တွင်ကျယ်စွာ ဆောင်ရွက်နိုင်စေမည့် လယ်ယာသုံးစက်ကိရိယာများ အသုံးပြုနိုင်ရေးအတွက် သုတေသနပြုလုပ်ခြင်း၊ စမ်းသပ်တီထွင်ခြင်း လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပြီး လယ်ယာလုပ်သားရှားပါးမှုပြဿနာများကို ကျော်လွှားနိုင်ရန်နှင့် တန်ဖိုးနည်းကောက်စိုက်စက်များကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာနိုင်စေရေး စက်မှုလယ်ယာဦးစီးဌာန မြန်မာ့လယ်ယာသုံး စက်ကိရိယာ စက်ရုံ (အင်းကုန်း) မှ ခြောက်တန်းသွား လက်ဆွဲ ကောက်စိုက်စက်ကို စမ်းသပ်ထုတ်လုပ်နိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ဗဟိုကာကွယ်ဆေးသိုလှောင် အအေးခန်းရှိ လေးထပ်ဆောင် အဆောက်အဦသစ် ဖွင့်ပွဲကျင်းပ ကာကွယ်ဆေးမျိုးစုံကို အအေးလမ်းကြောင်းမပျက် စနစ်တကျသယ်ယူ ပို့ဆောင်သွားနိုင်မည်

**နေပြည်တော် စက်တင်ဘာ ၁၂**

ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကာကွယ်ဆေး သိုလှောင်အအေးခန်းရှိ လေးထပ်ဆောင် အဆောက်အဦသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်း ဗဟိုကာကွယ်ဆေး သိုလှောင်အအေးခန်း (ရန်ကုန်)၌ ကျင်းပသည်။



အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဆေးတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဗဟိုအဆင့် ဆေးရုံအုပ်ကြီးများ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ အမျိုးသားအဆင့် ကာကွယ်ဆေးထိုးလုပ်ငန်းဆိုင်ရာ နည်းပညာအကြံပေးအဖွဲ့ (National Immunization Technical Advisory Groups NITAG) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ UNICEF ၊ WHO၊ GAVI နှင့် CHAI အဖွဲ့တို့မှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ဗဟိုကာကွယ်ဆေး သိုလှောင်အအေးခန်း လေးထပ်ဆောင်အဆောက်အဦသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး ဗဟိုကာကွယ်ဆေး သိုလှောင်အအေးခန်း(ရန်ကုန်) တွင် ကာကွယ်ဆေးများနှင့်ဆက်စပ်ပစ္စည်းများကို အအေးလမ်းကြောင်းမပျက် စနစ်တကျသိုလှောင်ထိန်းသိမ်းထားရှိပြီး တိုင်းဒေသကြီး/ပြည်နယ်များသို့ စနစ်တကျ ဖြန့်ဖြူးပေးလျက်ရှိပါကြောင်း၊ ယခုအခါ ကာကွယ်ဆေးများအမျိုးအစား တိုးချဲ့ထိုးနှံလာခြင်းနှင့်အတူ အဆိုပါဆေးနှင့်ဆေးပစ္စည်းများ သိုလှောင်ရန် နေရာထပ်မံလိုအပ်ပါသဖြင့် လက်ရှိ လေးထပ်ဆောင် အဆောက်အဦသစ်ကို ကျန်းမာရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF)တို့ပူးပေါင်းကာ ငွေကျပ် ၂ ဒသမ ၃ ဘီလီယံ အကုန်အကျခံတည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ၂၀၂၃ ခုနှစ် ဧပြီလတွင် ဆောက်လုပ်ပြီးစီးခဲ့ပါကြောင်း။

ထို့ကြောင့် ယခုအခါ ကာကွယ်ဆေးမျိုးစုံကို အအေးလမ်းကြောင်းမပျက် စနစ်တကျသယ်ယူ ပို့ဆောင်သွားနိုင်မည်ဖြစ်ပြီး ကာကွယ်ဆေးထိုးလုပ်ငန်းကို ပိုမိုထိရောက်စွာ အားဖြည့်ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။**(အပေါ်ပုံ)**

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဗဟိုကာကွယ်ဆေး သိုလှောင်အအေးခန်း၏ လုပ်ငန်းများတွင် လိုအပ်သောပံ့ပိုးမှုများ အားလုံးကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့်ဆက်လက်ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဖွင့်ပွဲအခမ်းအနားအထိမ်းအမှတ် video မှတ်တမ်းကို ပြသပြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဖွင့်ပွဲအခမ်းအနားအထိမ်းအမှတ် လက်ဆောင်ပေးအပ်၍ ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အဆောက်အဦအတွင်းရှိ ကာကွယ်ဆေး သိုလှောင်အအေးခန်းများနှင့် အအေးလမ်းကြောင်းစနစ်များကို လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ အဆောက်အဦသစ်တွင် ကာကွယ်ဆေးများ သိုလှောင်ထားရှိရန်အတွက် လူဝင်လမ်းလျှောက်နိုင်သော အအေးခန်း Walk In Cooler ခုနစ်လုံး၊ အေးခဲခန်း Walk In Freezer လေးလုံး ပါဝင်သည့် အခန်း အပူချိန် အနုတ် ၈၀ ဒီဂရီစင်တီဂရိတ်မှာ သိမ်းဆည်းသိုလှောင်နိုင်သည့် Ultra Cold Chain Freezer များ၊ ဆေးထိုးအပ်နှင့် ဆက်စပ်ပစ္စည်းများ ထားရှိရာအခန်း (Dry Store)၊ ရုံးခန်းများ၊ အစည်းအဝေးခန်းများ၊ လူ ၄၀၀ ခန့် တက်ရောက်နိုင်သော သင်တန်းခန်းမ တစ်ခုနှင့် သင်တန်းသား ၅၀ ခန့် တည်းခိုရန်နေရာ၊ လူစီးဓာတ်လှေကားစနစ် တစ်ခု၊ ပစ္စည်းအတင်အချ ဓာတ်လှေကားစနစ်တစ်ခု၊ လျှပ်စစ်မီးအတွက် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစနစ်များနှင့် 300 KVA Back-up Generator မီးစက် နှစ်လုံး၊ ဂါလန် ၁၀၀၀၀ ဆံ့ ရေကန်တို့ပါရှိပြီး ကာကွယ်ဆေးဆံ့ဝင်မှုအနေဖြင့် တစ်နိုင်ငံလုံးကာကွယ်ဆေးလိုအပ်ချက်၏ တစ်နှစ်စာသိုလှောင်ထားနိုင်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# တပ်ကုန်းမြို့နယ်အတွင်းရှိ ပြည်သူ့ဆေးရုံများ၌ သန့်ရှင်းရေးဆောင်ရွက်

**တပ်ကုန်း စက်တင်ဘာ ၁၂**

နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်းရှိ တပ်ကုန်းခုတင် ၁၀၀ ဆံ့ ပြည်သူ့ဆေးရုံ၊ ရွှေမြို့တိုက်နယ် ၁၆ ခုတင်ဆံ့ ပြည်သူ့ဆေးရုံဝင်း အတွင်းအပြင် သန့်ရှင်းရေး ဆောင်ရွက်ခြင်းကို ယမန်နေ့က ပြုလုပ်သည်။



ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဦးဆောင်၍ ဆေးရုံများဝင်းအတွင်း၊ အပြင်နေရာများ၌ မြို့မ ၆ ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၀ အုပ်စုမှ အုပ်ချုပ်ရေးမှူးများနှင့် ပြည်သူများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ တပ်ကုန်းတပ်နယ်မှ တပ်မတော်သားများ၊ မြို့နယ်ကြက်ခြေနီ တပ်ဖွဲ့ဝင်များက ပေါင်းမြက်၊ ချုံနွယ်များနှင့် ရေဆိုးမြောင်းများအတွင်း အမှိုက်သရိုက်များ သန့်ရှင်းရေးဆောင်ရွက်ကြရာ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးစိန်ဝင်းနှင့် တာဝန်ရှိသူများ၊ တပ်ကုန်းတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး ခင်မောင်ထွန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးညီညီထွေးနှင့် အဖွဲ့ဝင်များက လိုက်လံကြည့်ရှုအားပေးကြောင်း သိရသည်။

**တင်စိုးလွင်(ပြန်/ဆက်)**

# ပုလောမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၇၀၀ ထုတ်ချေးပေး

**ပုလော စက်တင်ဘာ ၁၂**

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ အဌမအကြိမ် အရင်းငွေထုတ်ချေးခြင်းကို ယမန်နေ့က ပြည်ခြားကျေးရွာအုပ်စု ကျောက်မော်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်သည်။ အခမ်းအနားတွင် ပုလောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်မြို့နယ်ဦးစီးမှူး ဒေါ်ခင်ပြည့်စုံဦးက အတိုးနှုန်းသတ်မှတ်ခြင်းများ၊ ကာလသတ်မှတ်ခြင်းနှင့် ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်အချက်များကို ရှင်းလင်းပြောကြားပြီး အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ကျပ်သိန်း ၇၀၀ ကို အသင်းသူအသင်းသားများ လက်ဝယ်အရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

**အေးအေးမော်(ပုလော)**

# မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းသီးနှံများ ပြည်ပတင်ပို့မှု တိုးမြှင့်နိုင်ရေးနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၁၂**

မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းသီးနှံများ ပြည်ပတင်ပို့မှုတိုးမြှင့်နိုင်ရေးနှင့်စပ်လျဉ်းသည့် ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းများ စိုက်ပျိုးထုတ်လုပ်မှုမြှင့်တင်ကာ ပြည်ပဈေးကွက်သို့ တိုးတက်တင်ပို့နိုင်ရေး၊ ပြည်တွင်း ကောက်ပဲသီးနှံဈေးကွက်တည်ငြိမ်ရေး၊ ဆီထွက်သီးနှံဖြစ်သည့် နှမ်းနှင့် မြေပဲကို ပြည်တွင်းစားသုံးရန်၊ ထုတ်လုပ်မှုမထိခိုက်စေဘဲ ပြည်ပသို့ တင်ပို့ရေးဆိုင်ရာ၊ ပဲမျိုးစုံပြည်တွင်းဈေးကွက်တွင် ကြိုရောင်း၊ ကြိုဝယ်ကိစ္စရပ်များကိုအခြေခံကာ ဈေးကစားဆောင်ရွက်မှုများ မရှိစေရေးနှင့် ပဲမျိုးစုံနှင့်နှမ်းများကို ပြည်ပသို့တရားမဝင်တင်ပို့ခြင်းကို အစိုးရနှင့်လုပ်ငန်းရှင်များ ပူးပေါင်းတားဆီးဆောင်ရွက်ရေး၊ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းစိုက်ပျိုးထုတ်လုပ်တင်ပို့မှု ပိုမိုတိုးတက်ရေးအတွက် စိုက်ပျိုးထုတ်လုပ်သူတောင်သူများ၊ ပို့ကုန်လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များနှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက်သွားနိုင်ရေးတို့ကို ဆွေးနွေးပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ တင်ပြဆွေးနွေးရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





# မြို့နယ်များသို့ သင့်တင့်သောဈေးနှုန်းဖြင့် စားသုံးဆီရောင်းချပေးလျက်ရှိရာ စားသုံးသူပြည်သူများ လက်ဝယ်အရောက် တိုက်ရိုက်ရောင်းချနိုင်ရေး တာဝန်ရှိသူအဆင့်ဆင့်က ကြီးကြပ်ဆောင်ရွက်သွားရန်လို

**ရန်ကုန် စက်တင်ဘာ ၁၂**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၇/၂၀၂၃) ကို စက်တင်ဘာ ၁၁ ရက် နံနက်ပိုင်းက တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ဩဂုတ် ၁၀ ရက်ကပြုလုပ်ခဲ့သော နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များနှင့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ ဦးတည်ချက်(၉)ရပ်တို့အား ထပ်ဆင့်ရှင်းလင်းပြသည်။

**ဝိုင်းဝန်းဆောင်ရွက်ရန်လိုအပ်**

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာ စိုက်ပျိုးရေးပန်းတိုင်ရည်မှန်းချက် ပြည့်ဝအောင်နှင့် သီးထပ်စွမ်းအား မြှင့်တင်ဆောင်ရွက်ရန်၊ ဆည်မြောင်းရေသောက်စနစ်မှ သောက်ရေ၊ သုံးရေ လုံလောက်စွာရရှိရေး ဆောင်ရွက်ရန်၊ ပြည်သူများ တည်ငြိမ်အေးချမ်းစွာ လုပ်ကိုင်နေထိုင်လျက်ရှိရာ အဖျက်အမှောင့်လုပ်ရပ် လုပ်ကိုင်သူများက ဝါဒဖြန့်လုပ်ကြံသတင်းများဖြင့် ဖော်ပြလျက်ရှိပြီး သတင်းလက်ဦးမှုရရှိရေး ဆောင်ရွက်ရန်၊ တစ်မြို့နယ်လျှင် စားသုံးဆီ ခြောက်ပီပါအထိတိုး၍ သင့်တင့်သောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိရာ စားသုံးသူပြည်သူများ လက်ဝယ်အရောက် တိုက်ရိုက်ရောင်းချနိုင်ရေး တာဝန်ရှိသူအဆင့်ဆင့် ကြီးကြပ်ဆောင်ရွက်သွားရန်နှင့် ဈေးနှုန်းအမြတ်တင်ရောင်းချနေမှုများကိုလည်း အရေးကြီးကုန်ပစ္စည်းဥပဒေအရ အရေးယူနိုင်ရေးဆောင်ရွက်ရန်၊ ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူနိုင်ရေးအတွက် ပဏာမစမ်းသပ်ကောက်ကွက် ၁၀၀ ကောက်ယူမည်ဖြစ်ရာ ဌာနဆိုင်ရာများက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန်၊ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ ခရိုင်အလိုက် ကျင်းပနေရာ တာဝန်ရှိသူအဆင့်ဆင့်က လုံခြုံရေးမှအစ ကဏ္ဍအလိုက် ပြိုင်ပွဲ ပြီးဆုံးသည်အထိ ဝိုင်းဝန်းဆောင်ရွက် ပေးကြရန်နှင့် လိုအပ်သည်များ မှာကြားသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ တိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးညီညီမင်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးနှင့် ဝန်ကြီးဌာနများ၏ ခရီးစဉ်လမ်းညွှန်ချက်များ၊ ညွှန်ကြားချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဌာနဆိုင်ရာများ၏ တင်ပြချက်များ၊ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းကဏ္ဍများနှင့်စပ်လျဉ်း၍ လိုအပ်သည်များမှာကြားပြီး လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ကြရန် ပြောကြားခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

# စစ်ကိုင်းတိုင်းဒေသကြီး ကုန်ဈေးနှုန်းတည်ငြိမ်ရေးနှင့် စားအုန်းဆီရောင်းချမှုကြီးကြပ်ရေး ညှိနှိုင်းစည်းဝေး

**မုံရွာ စက်တင်ဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကုန်ဈေးနှုန်းတည်ငြိမ်ရေးနှင့်စားအုန်းဆီရောင်းချမှုကြီးကြပ်ရေး ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၂ ရက်က တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ မုံရွာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဆီကုန်သည်အသင်းမှ ကိုယ်စားလှယ်များနှင့် စက်မှုလုပ်ငန်းရှင်များ တက်ရောက်ကြပြီး တိုင်းဒေသကြီးအတွင်းရှိ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကလေးခရိုင်၊ ကသာခရိုင်၊ စစ်ကိုင်းခရိုင်၊ ခန္တီးခရိုင်၊ ရေဦးခရိုင်၊ ရွှေဘိုခရိုင်၊ ဟုမ္မလင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက Video Conferencing စနစ်ဖြင့် တက်ရောက်ကြသည်။

**ကုန်ဈေးနှုန်းတည်ငြိမ်ရေး**

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က မိမိတို့ တိုင်းဒေသကြီး တစ်ခုလုံးအနေဖြင့် ဆန်၊ ဆီ၊ ပဲ ဖူလုံပြီး စိုက်ပျိုးရေးဖြစ်ထွန်းသောဒေသ၊ ကျေးလက်တောရွာများတွင် စားသုံးဆီဖူလုံသော်လည်း အခြေခံလူတန်းစားအများစု နေထိုင်သည့် မြို့ပြများတွင် ဆီလိုအပ်ချက်ရှိနေဆဲ ဖြစ်ပါကြောင်း၊ ဝန်ထမ်းများနှင့် မြို့ပြနေပြည်သူများအားလုံး လုံလုံလောက်လောက်ရရှိရေး တာဝန်ရှိသူများအနေဖြင့် ပူးပေါင်းဆောင်ရွက်ပေးသွားကြရန် လိုအပ်ပါကြောင်း၊ အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကုန်ဈေးနှုန်းတည်ငြိမ်ရေး ကော်မတီဝင်များ၊ ဆီကုန်သည်ကြီးများအသင်းနှင့် လုပ်ငန်းရှင်များ၊ နာဂဒေသအပါအဝင် ခရိုင်အသီးသီးမှ တာဝန်ရှိသူအားလုံး ကုန်ဈေးနှုန်းတည်ငြိမ်ရေးနှင့် စားအုန်းဆီများကို စနစ်တကျဖြန့်ဖြူးရောင်းချရေး ဆောင်ရွက်ရန်လျာထားစီမံမှုများကို ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြရန်နှင့် အကောင်းဆုံးလုပ်ဆောင်နိုင်မည့် နည်းလမ်းများအားအတည်ပြုပြီး အကောင်အထည်ဖော်ဆောင်ရွက်ကြရန်လိုအပ်ကာ ပါဝင်သူအားလုံးက စိတ်စေတနာအပြည့်နှင့် ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးနှင့် တိုင်းဒေသကြီး စားသုံးသူရေးရာ ဦးစီးဌာန၊ တိုင်းဒေသကြီးတာဝန်ခံတို့က စားအုန်းဆီရောက်ရှိမှု၊ ခွဲဝေချထားမှု၊ ဝန်ထမ်းများနှင့်ပြည်သူများအား ဝန်ထုပ်ဝန်ပိုးမရှိစေဘဲ ရောင်းချမည့် အခြေအနေများနှင့်ပတ်သက်၍ လည်းကောင်း၊ တိုင်းဒေသကြီး ဆီကုန်သည်အသင်းမှ ကိုယ်စားလှယ်များက မိမိတို့ လုပ်ကိုင်ဆောင်ရွက်နေသည့်လုပ်ငန်းများ၊ အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်ပြီး တိုင်းဒေသကြီးအတွင်းရှိ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကလေးခရိုင်၊ ကသာခရိုင်၊ စစ်ကိုင်းခရိုင်၊ ခန္တီးခရိုင်၊ ရေဦးခရိုင်၊ ရွှေဘိုခရိုင်၊ ဟုမ္မလင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက Video Conferencing စနစ်ဖြင့် မိမိတို့ခရိုင်/မြို့နယ်များအတွင်း ကုန်ဈေးနှုန်းတည်ငြိမ်ရေး၊ စားအုန်းဆီရရှိမှုနှင့် ရောင်းချမှုလုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အစည်းအဝေးသို့ တက်ရောက်လာသူများ၏ အကြံပြုဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**



# De-dollarization နှင့်အတူ အမေရိကန်ကို ပခုံးချင်းယှဉ်လာနေသည့် BRICS

*တင်ဇာ (IR)*

**လတ်တလောကမ္ဘာ့အရေးကို လေ့လာကြည့်ရင် BRICS အဖွဲ့အစည်းရဲ့ လှုပ်ရှားမှုတွေသာကြီးစိုးနေတာ တွေ့ရပါတယ်။ အကြောင်းက ဩဂုတ်လ ၂၂ ရက်ကနေ ၂၄ ရက်အထိ သုံးရက်ကြာ ကျင်းပခဲ့တဲ့ (၁၅) ကြိမ်မြောက် BRICS ထိပ်သီးအစည်းအဝေးမှာ ထူးခြားတဲ့ တိုးတက်ပြောင်းလဲမှုတွေ တွေ့ရတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။**




ယခုတစ်ကြိမ် ထိပ်သီးအစည်းအဝေးမှာ BRICS ငွေကြေးအသစ်တစ်ခုကို ဖန်တီးနိုင်လိမ့်မယ်လို့ နိုင်ငံအများစုက မျှော်လင့်ထားခဲ့ကြပေမယ့် BRICS ခေါင်းဆောင်တွေအနေနဲ့ ဒီအရေးကို ယခုချိန်မှာ ရှေ့တန်းမတင်နိုင်သေးတာ တွေ့ရပါတယ်။ ဒါပေမယ့် BRICS အနေနဲ့ ငွေကြေးအသစ်တစ်ခုကို မဖန်တီးနိုင်သေးသည့်တိုင် အနာဂတ်မှာ ဒေါ်လာငွေကြေး တန်ဖိုးကို လျှော့ချဖို့၊ ဒေါ်လာကို အသုံးအများဆုံး ကမ္ဘာ့အရန်ငွေကြေးဆိုတဲ့ ဂုဏ်ပုဒ်ကနေ ဖယ်ရှားပစ်ဖို့ကတော့ ခိုင်မာတဲ့ရည်မှန်းချက်အဖြစ် ရှိနေဆဲပါ။ ဒါကြောင့်လည်း ကနဦးခြေလှမ်းအနေနဲ့ အမေရိကန်ဒေါ်လာအပေါ် မှီခိုအားထားမှုကို လျှော့ချဖို့နဲ့ နိုင်ငံတကာ ကုန်သွယ်မှုမှာ မိမိတို့ရဲ့ ကိုယ်ပိုင်ငွေကြေးသုံးစွဲမှုကိုမြှင့်တင်ဖို့ ရည်ရွယ်တဲ့ ဒေါ်လာငွေသုံးစွဲမှု လျှော့ချနိုင်ရေးကိစ္စရပ်တွေကို အဓိကဆွေးနွေးဖြစ်ခဲ့ကြပါတယ်။

BRICS အပါအဝင် အခြားသော ကမ္ဘာ့နိုင်ငံတွေက ဒေါ်လာအပေါ်မှီခိုမှု ဘာကြောင့် လွတ်ကင်းချင်ကြတာလဲဆိုရင် ကုန်သွယ်ရေးစစ်ပွဲတွေနဲ့ အမေရိကန်နဲ့ အပေါင်းပါတို့ရဲ့ အတောမသတ်နိုင်တဲ့ ဒဏ်ခတ်ပိတ်ဆို့မှုတွေကို ရင်ဆိုင်ခံစားနေကြရလို့ပဲဖြစ်ပါတယ်။ ဒါ့ကြောင့်လည်း နိုင်ငံအတော်များများက အမေရိကန် ဒေါ်လာရဲ့စည်းနှောင်မှုမှ ကင်းလွတ်သော လွတ်လပ်တဲ့ငွေကြေး လည်ပတ်မှုစနစ်တစ်ခုကို အပြင်းအထန် လိုလားလာကြတာဖြစ်ပါတယ်။

### အမေရိကန်ဒေါ်လာ ကြီးစိုးလာခြင်းနှင့် ခြိမ်းခြောက်မှုအချို့

ဒုတိယကမ္ဘာစစ်အပြီးမှာ အမေရိကန် မဟာမိတ်တွေက Bretton Woods စနစ်ကို စတင်ခဲ့ပြီး တစ်ချိန်တည်းမှာပဲ ဒေါ်လာကို ကမ္ဘာ့အရန်ငွေကြေးအဖြစ် ဘိသိက်တင်မြှောက်ခဲ့ကြပါတယ်။ ရွှေကို ကျောထောက်နောက်ခံပြုထားတဲ့ ဒေါ်လာငွေတန်ဖိုးဟာ ၁၉၇၁ ခုနှစ်ရောက်တဲ့အခါမှာတော့ အမေရိကန်ရဲ့ ရွှေစုဆောင်းမှုမပြည့်ဝခြင်းကြောင့် ကမ္ဘာ့အရန်ငွေကြေးနေရာကနေ ဆင်းပေးလိုက်ရပြီး အမေရိကန်အစိုးရရဲ့ တရားဝင်သာမန်ငွေကြေး (fiat money) တစ်ခု အဖြစ်သာ သတ်မှတ်ခံလိုက်ရပါတယ်။

အဲဒီနောက် နှစ်အနည်းငယ်အကြာမှာ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟင်နရီကစ်ဆင်ဂျာက ဆော်ဒီဘုရင်ဆီ သွားရောက်ပြီး ရေနံ-ဒေါ်လာ (Petro–Dollar) ဖလှယ်ခြင်းစနစ်ကို စတင်ဖို့ ကြိုးပမ်းခဲ့ရာကနေ OPEC နိုင်ငံတွေက ရေနံတန်ဖိုးကို ဒေါ်လာငွေကြေးဖြင့်သာ တရားဝင်သတ်မှတ်ခဲ့ကြပါတယ်။ အပြန်အလှန်အနေနဲ့ အမေရိကန်က ရေနံရောင်းတဲ့ နိုင်ငံတွေကို စစ်လက်နက်တွေ ထောက်ပံ့ပေးခဲ့ပါတယ်။ ဒါကြောင့် ရေနံဝယ်မယ့် နိုင်ငံ တွေအနေနဲ့ ငွေပေးချေဖို့ ဒေါ်လာကိုသာလိုအပ်လာကြပြီး ဒီလိုနဲ့ ဒေါ်လာရဲ့အရေးပါမှုဟာ စတင်ခဲ့ခြင်းဖြစ်ပါတယ်။

ဒေါ်လာတစ်ခုတည်း ကြီးစိုးလာခြင်းရဲ့ သက်ရောက်မှုတစ်ခုက ကမ္ဘာ့စီးပွားရေးမှာ မတည်မငြိမ်နဲ့ လှုပ်ခတ်မှုများရှိလာခဲ့ခြင်းပါပဲ။ ကိုဗစ် – ၁၉ ကပ်ရောဂါ ကာလအတွင်းမှာဆိုရင် ကမ္ဘာ့ဈေးကွက်မှာ ဒေါ်လာငွေစက္ကူတွေ ထရီလီယံနှင့်ချီပြီး ရိုက်နှိပ်ဖြန့်ဝေခဲ့တာကြောင့် ဖွံ့ဖြိုးဆဲစီးပွားရေးလုပ်ငန်းတွေအပေါ် သက်ရောက်မှုများစွာ ရှိခဲ့ပါတယ်။ ၂၀၂၂ ခုနှစ်မှာဆိုရင် အမေရိကန် ဗဟိုဘဏ်က ငွေကြေးမူဝါဒတွေကို ပြင်ဆင်ပြီး အတိုးနှုန်းတွေ တိုးမြှင့်ခဲ့တာကြောင့် ကမ္ဘာ့ဈေးကွက်တစ်ခုလုံး ခါယမ်းသွားခဲ့ပြီး အခြားသောငွေကြေးတန်ဖိုးတွေလည်း လွန်ခဲ့တဲ့ နှစ် ၂၀ လောက်အထိကို သိသိသာသာ ကျဆင်းသွားတာ တွေ့နေရပါတယ်။ အမေရိကန်ရဲ့ ဒီလိုမျိုး ကမ္ဘာ့ငွေကြေးဈေးကွက်နဲ့ ငွေကြေးမူဝါဒတွေအပေါ် ထင်သလိုခြယ်လှယ်နေခြင်းတွေကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံအများစုမှာ ငွေကြေးဖောင်းပွခြင်း၊ ငွေကြေးတန်ဖိုးကျဆင်းခြင်းနဲ့ အရင်းအနှီး ပျောက်ပျက်သွားခြင်းစတဲ့ ဆိုးကျိုးတွေကို ဆက်တိုက်ခံစားလာရပါတယ်။

- **ဒေါ်လာတစ်ခုတည်း ကြီးစိုးလာခြင်းရဲ့ သက်ရောက်မှုတစ်ခုက ကမ္ဘာ့စီးပွားရေးမှာ မတည်မငြိမ်နဲ့ လှုပ်ခတ်မှုများရှိလာခဲ့ခြင်းပါပဲ။ ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်းမှာဆိုရင် ကမ္ဘာ့ဈေးကွက်မှာ ဒေါ်လာငွေစက္ကူတွေ ထရီလီယံနှင့်ချီပြီး ရိုက်နှိပ်ဖြန့်ဝေခဲ့တာကြောင့် ဖွံ့ဖြိုးဆဲစီးပွားရေးလုပ်ငန်းတွေအပေါ် သက်ရောက်မှုများစွာရှိခဲ့**
- **အမေရိကန်ဟာ ကမ္ဘာ့နိုင်ငံရေးပြဿနာများ၊ တင်းမာမှုများကို ဖြေရှင်းရာမှာ ဒေါ်လာကို လက်နက်တစ်ခုသဖွယ် ကျင့်သုံးလာတာတွေ့ရ**
- **ကမ္ဘာ့ပါဝါ အပြောင်းအလဲက ၎င်းတို့ရဲ့ငွေကြေးအပေါ် သက်ရောက်မှုတွေ ရှိလာနေတဲ့အတွက် နောင်မှာ ဒေါ်လာတန်ဖိုးကျဆင်းပြီး BRICS တွေရဲ့ ခေတ်ကိုရောက်လာပြီလား ဆိုတာတော့ . . .**

ဒါ့အပြင် အမေရိကန်ဟာ ကမ္ဘာ့နိုင်ငံရေး ပြဿနာများ၊ တင်းမာမှုများကို ဖြေရှင်းရာမှာ ဒေါ်လာကို လက်နက်တစ်ခုသဖွယ် ကျင့်သုံးလာတာ တွေ့ရပါတယ်။ ဥပမာအားဖြင့် ရုရှား-ယူကရိန်း ပဋိပက္ခမှာ အမေရိကန်နဲ့အပေါင်းပါတွေက ရုရှားကို ဖိအားပေးဖို့အတွက် နိုင်ငံတကာ ငွေပေးချေစနစ်ဖြစ်တဲ့ SWIFT ကနေ ရုရှားဘဏ်အများစုကို ထုတ်ပယ်ပစ်တာတွေ၊ ရုရှားအရန် ငွေကြေးတွေကို ထုတ်လို့မရအောင် ပိတ်ထားလိုက်တာမျိုးတွေ လုပ်ဆောင်ခဲ့ပါတယ်။ မေလအတွင်း ဖြစ်ပျက်သွားခဲ့တဲ့ အမေရိကန်ဘဏ်များပြိုလဲခြင်း ဂယက်က ဒေါ်လာအစားထိုး ငွေကြေးအသုံးပြုခြင်းကို တွန်းအားပေးသလို ဖြစ်စေပါတယ်။

ဒါပေမယ့် ကမ္ဘာ့ကုန်သွယ်ရေးကဏ္ဍ အများစုမှာ အမေရိကန်ဒေါ်လာနဲ့သာ ငွေပေးချေမှုများ ရှိနေဆဲဖြစ်သလို နိုင်ငံအများစုရဲ့ ကော်ပိုရိတ်များ၊ လုပ်ငန်းစုကြီးများကလည်း ဒေါ်လာအပေါ်မှာ မှီခိုမှုများရှိနေဆဲဖြစ်တာမို့ ဗဟိုဘဏ်အများစုအနေနဲ့ ဒေါ်လာကိုသာ အရန်ငွေကြေးအဖြစ် စုဆောင်းနေကြဆဲဖြစ်ပါတယ်။ ဒီလိုကမ္ဘာ့နိုင်ငံအများစုက ဒေါ်လာအပေါ် မှီခိုမှုကြီးမားနေတာကြောင့်လည်း အမေရိကန်ရဲ့ ကြိုးဆွဲခြယ်လှယ်ခြင်းခံနေရတာဖြစ်ပါတယ်။ အမေရိကန်ရဲ့ ယခုလိုခြိမ်းခြောက်မှုတွေကြောင့် BRICS အနေနဲ့ကတော့ ဒေါ်လာလွှမ်းမိုးမှုတွေကို အမြန်ဆုံးတွန်းလှန်ဖို့ မနှေးအမြန် ကြိုးပမ်းကြမှာ သေချာလာပါတယ်။

### စုပေါင်းအားနှင့်အတူ ဒေါ်လာကို ဖယ်ရှားခြင်း

လတ်တလောကာလမှာပဲ BRICS အဖွဲ့ဝင်တွေဟာ ဒေါ်လာအပေါ်မှီခိုမှုကို လျှော့ချဖို့ အားသွန်ခွန်စိုက် ကြိုးပမ်းလာနေကြပါပြီ။ BRICS အနေနဲ့ ဒေါ်လာအပေါ် မှီခိုမှုလျှော့ချနေရခြင်း ရည်ရွယ်ချက်ငါးခုရှိပါတယ်။ (၁) အမေရိကန်ရဲ့ ဒဏ်ခတ်ပိတ်ဆို့မှုရန်ကနေ ကာကွယ်ဖို့ (BRICS အဖွဲ့ဝင်အားလုံးဟာ အမေရိကန်ရဲ့ ဒဏ်ခတ်ပိတ်ဆို့မှုတွေကို ရင်ဆိုင်ခံစားရဆဲ သို့မဟုတ် ကြုံတွေ့ခဲ့ဖူးပြီးသား နိုင်ငံတွေဖြစ်ပါတယ်။ နျူကလီးယားစမ်းသပ်မှု အကြောင်းပြချက်နဲ့ အိန္ဒိယ (၁၉၉၈)၊ တရုတ် (၂၀၁၈)၊ ရုရှား (၂၀၁၄) နဲ့ တောင်အာဖရိက (၁၉၇၇) တို့ဟာ အမေရိကန်ရဲ့ အရေးယူမှုဒဏ်ခံခဲ့ရပါတယ်)။ (၂) အမေရိကန် ဗဟိုဘဏ်ရဲ့ ဒေါ်လာငွေများ ရိုက်နှိပ်ထုတ်ဝေခြင်းမှ ဖြစ်လာနိုင်တဲ့ ငွေကြေးဖောင်းပွမှုများကို လျှော့ချဖို့၊ (၃) နိုင်ငံတကာကုန်သွယ်ရေးစနစ်မှာ ဒေါ်လာရဲ့ လွှမ်းမိုးခြယ်လှယ်မှုကို တုံ့ပြန်ဖို့၊ (၄) အမေရိကန်ရဲ့ အခြားနိုင်ငံတွေအပေါ် ဒဏ်ခတ်ပိတ်ဆို့မှုက BRICS နိုင်ငံတွေအပေါ် သက်ရောက်မှုမရှိစေဖို့နဲ့ (၅) BRICS အဖွဲ့ဝင်နိုင်ငံတွေအကြား ကုန်သွယ်ရေးနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ တိုးမြှင့်ဖို့ပဲဖြစ်ပါတယ်။

BRICS အဖွဲ့ဝင်တွေက ကမ္ဘာ့အရေးကိစ္စတွေမှာ အမေရိကန်တစ်ဦးတည်းခြယ်လှယ်နေတဲ့ ပုံစံမျိုးကို မလိုလားကြတော့ပါဘူး။ ဒါကြောင့်လည်း အင်အားကြီးနိုင်ငံတွေက ကမ္ဘာ့အရေးကိစ္စတွေကို ဟန်ချက်ညီညီနဲ့ထိန်းသိမ်းသွားဖို့ကို အစဉ်ကြိုးပမ်းနေကြတာဖြစ်ပါတယ်။ ၂၀၂၁ ခုနှစ်မှာ ဆော်ဒီအာရေဗျနဲ့ ရုရှားတို့က စစ်ရေး သဘောတူစာချုပ်ကို ချုပ်ဆိုခဲ့တဲ့အတွက် အမေရိကန်က ဆော်ဒီကို တစ်ဦးတည်းမူပိုင် ကာကွယ်စောင့်ရှောက်ခွင့် မရတော့ပါဘူး။ ဒ့ါအပြင် ဒါဘို့စ်မှာကျင်းပခဲ့တဲ့ ကမ္ဘာ့စီးပွားရေးဖိုရမ်မှာလည်း ဆော်ဒီဘဏ္ဍာရေးဝန်ကြီးက ဒေါ်လာအပြင် အခြားသောငွေကြေးများနဲ့လည်း ကုန်သွယ်ရေးဆောင်ရွက်သွားမယ်လို့ ကြေညာခဲ့ပါတယ်။ ဒါတွေက ဒေါ်လာကို ဖယ်ရှားခြင်း ခြေလှမ်းအစတွေပဲဖြစ်ပါတယ်။

(၁၅) ကြိမ်မြောက် BRICS အစည်းအဝေးမှာဆိုရင်လည်း အဖွဲ့ဝင်အဖြစ် လျှောက်ထားသူတွေထဲကမှ ဆော်ဒီအာရေဗျ၊ အီရန်၊ အီသီယိုပီးယား၊ အီဂျစ်၊ အာဂျင်တီးနားနဲ့ ယူအေအီးနိုင်ငံ ခြောက်နိုင်ငံကို အဖွဲ့ဝင်အဖြစ် လက်ခံဖို့ ခေါင်းဆောင်တွေက အတည်ပြုခဲ့ကြခြင်းဟာ အရေးပါတဲ့ခြေလှမ်း ဖြစ်လာပါတယ်။ ဒီခြောက်နိုင်ငံထဲမှာမှ သုံးနိုင်ငံက OPEC အဖွဲ့ဝင်နိုင်ငံတွေဖြစ်သလို အီဂျစ်ကလည်း ရေနံနဲ့သဘာဝဓာတ်ငွေ့ ကြွယ်ဝတဲ့နိုင်ငံဖြစ်တာကြောင့် ဒီလိုအဖွဲ့ဝင်တွေပါလာခြင်းဟာ BRICS အတွက် အားတစ်ရပ်ဖြစ်လာစေပါတယ်။ အနာဂတ်မှာ ရေနံနဲ့ အဖွဲ့ဝင်နိုင်ငံတွေရဲ့ သက်ဆိုင်ရာငွေကြေးအတိုင်း တိုက်ရိုက်ဖလှယ်နိုင်ခြေရှိလာပါမယ်။ ဒ့ါကြောင့် BRICS အဖွဲ့ဟာ ယခုလိုပုံစံမျိုးနဲ့သာ ရှေ့ဆက်လျှောက်လှမ်းမယ်ဆိုရင် ဒါဟာ အမေရိကန်မပါဝင်တဲ့ နောင်လာမယ့် အနာဂတ် ကမ္ဘာ့စီးပွားရေးအခင်းအကျင်းရဲ့ လားရာတစ်ခုအဖြစ် ပီပီပြင်ပြင် တွေ့ရတော့မှာဖြစ်ပါတယ်။

အမေရိကန်ဒေါ်လာအပေါ် မှီခိုမှုလျှော့နည်းလာတာနဲ့အမျှ ဗဟိုဘဏ်တွေက ဒေါ်လာတွေကို စွန့်ထုတ်ဖို့ ကြိုးပမ်းလာပါမယ်။ ဒါကြောင့် အကျိုးဆက်အနေနဲ့ ဒေါ်လာဝယ်လိုအား ကျဆင်းလာပြီး ဒေါ်လာရဲ့တန်ဖိုးလည်း ကျဆင်းလာမှာဖြစ်ပါတယ်။ ဒါက အမေရိကန်ကို သိသိသာသာ ထိုးနှက်နေတဲ့ ဖြစ်စဉ်ကြီးဖြစ်ပါတယ်။ ဒေါ်လာဖယ်ရှားခြင်းဖြစ်စဉ်ဟာ အခုမှကြုံတွေ့ရတဲ့ ထူးခြားဖြစ်စဉ်တော့မဟုတ်ပါဘူး။ သမိုင်းတစ်လျှောက်မှာ ဒတ်ချ်ငွေကြေးတန်ဖိုး ကြီးထွားလာခြင်းမှစလို့ ပေါင်စတာလင်မှသည် ဒေါ်လာကြီးထွားလာခြင်းအထိ ငွေကြေးတန်ဖိုး အပြောင်းအလဲများဖြစ်ခဲ့ဖူးပါတယ်။ ဒါကြောင့် အဖြစ်ရှိရင် အပျက်ရှိသလို ဒါတွေကိုရှောင်လွှဲနိုင်မယ့် အလားအလာမရှိပါဘူး။ ကမ္ဘာ့ပါဝါ အပြောင်းအလဲက ၎င်းတို့ရဲ့ငွေကြေး အပေါ် သက်ရောက်မှုတွေရှိလာနေတဲ့အတွက် နောင်မှာ ဒေါ်လာတန်ဖိုးကျဆင်းပြီး BRICS တွေရဲ့ ခေတ်ကိုရောက်လာပြီလားဆိုတာတော့ ဆက်လက်စောင့်ကြည့်နေရမှာ ဖြစ်ပါတယ်။

### BRICS ငွေကြေးအသစ်ကို ဖန်တီးဖို့အားထုတ်ကြခြင်း

BRICS ကဖန်တီးမယ့် ငွေကြေးအသစ်တစ်ခု ဖြစ်လာခဲ့ရင် အမေရိကန်ဒေါ်လာကို ဖယ်ထုတ်နိုင်မလားဆိုတဲ့ မေးခွန်းအတွက်တော့ ယခုအထိအဖြေမရသေးပါဘူး။ သို့သော် ယင်းငွေကြေးအသစ်က ဒေါ်လာရဲ့မင်းမူနေမှုကိုတော့ သေချာပေါက်လှုပ်ခါသွားစေမယ့် အလားအလာတွေရှိနေပါတယ်။ ၂၀၂၂ ခုနှစ်ကတည်းက

*စာမျက်နှာ ၁၁ သို့*

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း စစ်တွေမြို့နယ်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

စစ်တွေ စက်တင်ဘာ ၁၂

**ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက စစ်တွေမြို့နယ်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်ကြသည်။**



ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပလ္လင်ပြင်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းခွဲသို့ သွားရောက်၍ ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက ပလ္လင်ပြင်ကျေးရွာသို့ မိုခါမုန်တိုင်း မတိုက်ခတ်မီက နိုင်ငံ့စီးပွားမတည်ရန်ပုံငွေ ထုတ်ချေးပေးရန် တစ်ကြိမ်ရောက်ရှိခဲ့ပါကြောင်း၊ ပလ္လင်ပြင်ကျေးရွာသည် ပင်လယ်နှင့် နီးကပ်ပြီး မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ဆုံးရှုံးမှုများစွာရှိခဲ့သည်ဟု သိရပါကြောင်း၊ မုန်တိုင်းဒဏ်ကိုကြံ့ကြံ့ခံခဲ့ရသော်လည်း ယခုအခါပြန်လည်ထူထောင်ရေး လုပ်ငန်းများကို လုပ်ကိုင်နေကြသည်ကို တွေ့ရ၍ ဝမ်းမြောက်မိပါကြောင်း၊ မိမိတို့ရပ်ရွာ၊ မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးက ပူးပေါင်းပြီး ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရေး၊ လျှပ်စစ်မီးရရှိရေးတို့အတွက် မိမိတို့အစိုးရအဖွဲ့အနေဖြင့် တတ်နိုင်သလောက် ကြိုးစားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများ၊ ကျောင်းသား ကျောင်းသူများအတွက် သင်ထောက်ကူ ပစ္စည်းများကို ပေးအပ်ကြပြီး ကျေးရွာသူ၊ ကျေးရွာသားများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျေးရွာအတွင်း သောက်သုံးရေ ကောင်းမွန်စွာရရှိရေး၊ ရွာတွင်းလမ်းများ ကောင်းမွန်ရေးနှင့် ပင်လယ်ဒီရေတိုက်စားမှုကြောင့် ကျေးရွာမြေများပျက်စီးမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ သဘာဝဘေး ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်ကြပြီး ပြန်လည် ထူထောင်ရေးဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် လိုအပ်သည်များအား ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**တင်ထွန်း(ပြန်/ဆက်)**

# မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်

**ရန်ကုန် စက်တင်ဘာ ၁၂**

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ စက်တင်ဘာ ၆ ရက်က ကျင်းပသော ASEAN Indo Pacific Forum ၏



Business Matching သို့ မြန်မာ၊ ဘရူနိုင်း၊ ထိုင်း၊ မလေးရှား၊ ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှားနိုင်ငံတို့မှ ကိုယ်စားလှယ်များက မိမိတို့နိုင်ငံများတွင် ရင်းနှီးမြှုပ်နှံမှုများ လာရောက်လုပ်ကိုင်ကြရန် Project Proposal Presentation များ ပြုလုပ်ခဲ့ကြသည်။

မြန်မာကိုယ်စားလှယ်က မြန်မာနိုင်ငံဗမာတိုင်းရင်းသား လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးကျော်ဒေဝ က "International Fishing Port Development at Southern Myanmar" ခေါင်းစဉ်ဖြင့် Project Proposal အကြောင်း ရှင်းလင်းတင်ပြ၍ မေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။

Project Proposal ရှိရာ မြိတ်မြို့သည် ကျွန်းပေါင်း ၈၀၀ ကျော်နှင့် အမျိုးမျိုးသော ရေထွက်ပစ္စည်းများ ပေါကြွယ်ဝသည့် အန်ဒမန်ပင်လယ် (ရေမျက်နှာပြင် ၆၀၀,၀၀၀ စတုရန်းကီလိုမီတာ) ၏ အချက်အချာကျသောနေရာတွင် ရှိပါကြောင်း၊ Project ၏ Industrial Land ဧရိယာအကျယ်အဝန်းမှာ ၁၀၃ ဧက ရှိပါကြောင်း၊ အာရှ၏ Main Fisheries Hub ဖြစ်လာနိုင်ပါကြောင်း၊ Project Development Time Line မှာ ၃ – ၅ နှစ် ဖြစ်ပါကြောင်း၊ Cold Storage Factory (3,000~5,000 MT), Value-added Canning Factory, Packaging Factory, တစ်ချိန်တည်းတွင် ရေထွက်ပစ္စည်းများ အတင်အချပြုလုပ်နိုင်သည့် Fishing Vessel (၃၀ – ၅၀) ဆံ့ Shipyard နှင့် Power Plant တည်ဆောက်ခြင်းများတွင် လာရောက် ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ပါကြောင်း၊ အရင်းကျေကာလမှာ ယေဘုယျအားဖြင့် ၅-၇ နှစ် ဖြစ်ပါကြောင်း စသည်ဖြင့် ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

▼ *ကျောဖုံးမှ*

ရန်ကုန် – ပြည်လမ်းတွင် စိုးလွင် (ခ) နူရှတ်နှင့် ချစ်ဝင်းကိုကို (ခ) နေဇာ တို့နှစ်ဦးအား ဒေသကာလတန်ဖိုးငွေကျပ်သိန်း ၉၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ကိုးသိန်းနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**စုံစမ်းဖော်ထုတ်လျက်ရှိ**

စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ရောင်းဝယ်သူ မနန်းစင်လှျွန်း အား တာမွေမြို့နယ် အိုးရှင်းစင်တာတွင် ဆက်လက် ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများအား စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၀ မှ*

ရုရှားသမ္မတ ဗလာဒီမာပူတင်က ကမ္ဘာ့အရန်ငွေကြေးအသစ်တစ်ခုကို BRICS အဖွဲ့ကြီးက တစ်ဆင့် အတူတကွဖန်တီးသွားမယ်လို့ ကြွေးကြော်ခဲ့ပြီးဖြစ်ပါတယ်။ BRICS ငွေကြေးကို ရွှေနဲ့ကျောထောက်နောက်ခံပြုပြီး တည်ငြိမ်တဲ့ ငွေကြေးတန်ဖိုးတစ်ခုအနေနဲ့ ဖန်တီးသွားနိုင်ခြေ ရှိနေပါတယ်။

ဒါကြောင့် လတ်တလောမှာ ဗဟိုဘဏ်တွေက ဒေါ်လာအစား ရွှေစုဆောင်းခြင်းကို အရှိန်မြှင့် ဆောင်ရွက်နေတာပဲဖြစ်ပါတယ်။ IMF ကမ္ဘာ့ ရွှေကောင်စီရဲ့ ဖော်ပြချက်အရ ယခုနှစ်အစောပိုင်းမှာ စင်ကာပူ၊ တူကီယဲ၊ တရုတ်၊ ရုရှားနဲ့ အိန္ဒိယနိုင်ငံတွေဟာ ရွှေစုဆောင်းမှု အများဆုံးနိုင်ငံတွေဖြစ်လာကြောင်း သိရှိရပါတယ်။ ဒီစာရင်းထဲမှာ BRICS အဖွဲ့ဝင် သုံးနိုင်ငံတောင်ပါဝင်နေခြင်းက BRICS အဖွဲ့ကြီးရဲ့ ငွေကြေးအသစ်အတွက် လုံးပန်းနေမှုတွေကို ထင်သာမြင်သာဖြစ်စေပါတယ်။ ဒ့ါအပြင် BRICS ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (BMF) နဲ့ ဗဟိုဘဏ် (BCB) တို့ကိုလည်း တည်ထောင်ပြီးဖြစ်ပါတယ်။ ဒါတွေဟာ BRICS နိုင်ငံတွေရဲ့ ငွေကြေးအသစ်ကို ဖန်တီးဖို့ ကြိုးပမ်းခြင်း ခြေလှမ်းအစတွေပဲ ဖြစ်ပါတယ်။

ယခုအခါ BRICS နိုင်ငံတွေက ကမ္ဘာ့လူဦးရေရဲ့ ၄၀ ရာခိုင်နှုန်းကျော်ကို ကိုယ်စားပြုနေသလို စုစုပေါင်း GDP က ကမ္ဘာ့ GDP ရဲ့ ၃၁ ဒသမ ၅ ရာခိုင်နှုန်းအထိ ရောက်ရှိနေပါပြီ။ ဒါက ၃၀ ဒသမ ၇ ရာခိုင်နှုန်းပဲရှိတဲ့ G7 နိုင်ငံတွေထက် သာလွန်နေတာကို တွေ့ရတယ်။ ဒ့ါအပြင် BRICS နိုင်ငံတွေက အမေရိကန်အပေါ် မှီခိုစရာမလိုဘဲ အဖွဲ့ဝင်အချင်းချင်းကြား ကုန်သွယ်ရုံနဲ့တင် လုံးလုံးလျားလျား ဖူလုံနေတာကိုတွေ့ရပါတယ်။ ဒါက တရုတ် BRI စီမံကိန်းရဲ့ ကောင်းမွန်တဲ့ သက်ရောက်မှုတွေဖြစ်ပြီး ဒီစီမံကိန်းကြီးက အာရှ၊ အာဖရိက၊ ဥရောပနဲ့ တောင်အမေရိကတိုက်တွေကို ဆယ်သွယ်သွားဖို့ ရည်ရွယ်နေပါတယ်။ ဒ့ါအပြင် အရှေ့အလယ်ပိုင်းဒေသက စီးပွားရေးအင်အားကောင်းတဲ့ အဖွဲ့ဝင်နိုင်ငံသစ်တွေလည်း ပါဝင်လာတာကြောင့် ကမ္ဘာတစ်ဝန်းမှာ BRICS ရဲ့ ခြေရာတွေ ဖြန့်ကြက်လာနိုင်တော့မှာပဲဖြစ်ပါတယ်။

> ❊ **ယခုအခါ BRICS နိုင်ငံတွေက ကမ္ဘာ့လူဦးရေရဲ့ ၄၀ ရာခိုင်နှုန်းကျော်ကို ကိုယ်စားပြုနေသလို စုစုပေါင်း GDP က ကမ္ဘာ့ GDP ရဲ့ ၃၁ ဒသမ ၅ ရာခိုင်နှုန်းအထိ ရောက်ရှိနေပါပြီ။ ဒါက ၃၀ ဒသမ ၇ ရာခိုင်နှုန်းပဲရှိတဲ့ G7 နိုင်ငံတွေထက် သာလွန်နေတာကို တွေ့ရ**

**အနာဂတ် Multipolar**

BRICS အဖွဲ့ကြီးရဲ့ အဖွဲ့အစည်းဆိုင်ရာ လိုက်လျောညီထွေရှိမှုကြောင့် အဖွဲ့ဝင်တစ်နိုင်ငံချင်းဖြစ်စေ၊ နှစ်နိုင်ငံချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ဖွံ့ဖြိုးတိုးတက်ရေးလမ်းကို အတူတကွ လျှောက်လှမ်းလာနိုင်ကြပြီဖြစ်ပါတယ်။ ဒ့ါအပြင် BRICS ဖွဲ့စည်းတည်ထောင်သူနိုင်ငံများရဲ့ ဓနအင်အားကြောင့် အခြားအခြားသော နိုင်ငံများကလည်း အဖွဲ့ဝင်ဖြစ်ရေး တောင်းဆိုမှုများများသည်ထက် များပြားလာနေပါတယ်။

အမှန်တကယ် ယခုလိုထွန်းသစ်စ စီးပွားရေးအင်အားစုများ ပေါ်ထွန်းလာခြင်းဟာ ကမ္ဘာ့ငွေကြေးစနစ်အပေါ် အပြုသဘောသက်ရောက်မှုတွေ ဖြစ်ထွန်းလာနိုင်မယ်လို့ ယုံကြည်ပါတယ်။ ဒေါ်လာကိုဖယ်ရှားခြင်းက BRICS ရဲ့ အန္တိမပန်းတိုင်တော့ မဟုတ်သေးပါဘူး။ BRICS ကိုယ်တိုင် အမေရိကန်ကြီးစိုးထားတဲ့ SWIFT နိုင်ငံတကာ ငွေပေးချေမှုစနစ်ကနေ သွေဖည်ပြီး အခြားသောစနစ်တစ်ခုကို ပြောင်းလဲကျင့်သုံးသွားမယ့် အနေအထားမှာရှိနေပါတယ်။ သဘောကတော့ တစ်နိုင်ငံတည်း၊ ဒေါ်လာငွေကြေးတစ်ခုတည်း ကြီးစိုးနေတဲ့ ကမ္ဘာ့အခင်းအကျင်းကနေ နိုင်ငံပေါင်းစုံ၊ ငွေကြေးစနစ်ပေါင်းစုံပါဝင်မယ့် Multipolar ကမ္ဘာကြီးဆီကို BRICS က ဦးဆောင်ရွှေ့လျားနေပြီဖြစ်ကြောင်း တွေ့မြင်ရမှာဖြစ်ပါတယ်။

အချုပ်အားဖြင့် လတ်တလောကာလဟာ အမေရိကန်နဲ့ အင်အားကြီးနိုင်ငံအများစု ပါဝင်နေတဲ့ BRICS အဖွဲ့ကြီးအကြား အကဲခတ်အားစမ်းနေတဲ့အချိန်ပဲဖြစ်ပါတယ်။ BRICS အဖွဲ့ကြီးဟာ တူညီတဲ့ရည်မှန်းချက်တွေ၊ နိုင်ငံရေးအမြင်တွေနဲ့ ရှေ့ဆက်နေတာဖြစ်လို့ အနာဂတ်မှာ ဖွံ့ဖြိုးဆဲကမ္ဘာကြီးကို ကိုယ်စားပြုမယ့် အလားအလာအရှိဆုံး အင်အားစုကြီး ဖြစ်လာမှာ သေချာနေပါတယ်။ BRICS အနေနဲ့ ယခုလိုအင်အားကောင်းလာခြင်းဟာ စာရေးသူတို့လို ဖွံ့ဖြိုးဆဲနိုင်ငံငယ်များအတွက်တော့ ကြီးမားတဲ့ အကျိုးသက်ရောက်မှုတွေရှိလာမယ်လို့ မျှော်လင့်မိပါတယ်။ တရုတ်၊ အိန္ဒိယ အိမ်နီးချင်းနှစ်နိုင်ငံနဲ့ ညီရင်းအစ်ကိုဆက်ဆံရေးရှိတဲ့ ရုရှားတို့ ပါဝင်နေခြင်းကပဲ မြန်မာနိုင်ငံအတွက်လည်း BRICS အဖွဲ့ဝင်ဖြစ်နိုင်ဖို့ အခွင့်ကောင်းတွေအနာဂတ်မှာ ရှိလာနိုင်ပါတယ်။ ဒ့ါအပြင် ဒီအင်အားစုကြီးကြောင့် အမေရိကန်ရဲ့ ဒဏ်ခတ်ပိတ်ဆို့မှုတွေကို ရှောင်ရှားနိုင်တော့မှာဖြစ်ပြီး BRICS လို စီးပွားရေးအင်အားကောင်းတဲ့အဖွဲ့ကြီးနဲ့ လက်တွဲခြင်းဟာ မြန်မာနိုင်ငံအနေနဲ့ အနောက်နိုင်ငံတွေရဲ့ ဖိအားတွေ၊ ပြည်တွင်းမှာ ကြုံတွေ့နေရတဲ့ စီးပွားရေးအကျပ်အတည်းတွေကနေ အတော်လေးလျော့ပါးသွားနိုင်မယ်လို့ ယုံကြည်မျှော်လင့်မိပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

**ကိုးကား**


- De-dollarisation: shifting power between the US and BRICS, the Interpreter
- The Coming BRICS Currency Diversification, Modern Diplomacy

# ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ကျင်းပပြုလုပ်သည့် ရုရှား - မြန်မာ နှစ်နိုင်ငံ ဗိုလ်လောင်းများ ရေကူးပြိုင်ပွဲ (Russia- Myanmar Cadets Swimming Competition) တွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် မြန်မာ့တပ်မတော်ဗိုလ်လောင်းများ ပြန်လည်ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၂**

မြန်မာ့တပ်မတော် အနေဖြင့် ပြည်ပနိုင်ငံများ၏ တပ်မတော်များနှင့် ဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာအားကောင်းစေရန် အပြန်အလှန် လေ့လာရေးခရီးစဉ်များ စေလွှတ်ခြင်း၊ ချစ်ကြည်ရေး အားကစားပြိုင်ပွဲများ ကျင်းပခြင်းနှင့် နိုင်ငံတကာ တပ်မတော် အားကစားပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။



### ဝင်ရောက်ယှဉ်ပြိုင်

ထိုသို့ ဆောင်ရွက်လျက်ရှိရာ မြန်မာ့တပ်မတော်နှင့် ရုရှားတပ်မတော်နှစ်ရပ် အကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာအားကောင်းလာစေရန် ရည်ရွယ်၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့ရှိ ရုရှားတပ်မတော်အားကစားတက္ကသိုလ်၌ စက်တင်ဘာ ၅ ရက်မှ ၁၀ ရက်အထိ ကျင်းပပြုလုပ်သည့် ရုရှား- မြန်မာ နှစ်နိုင်ငံ ဗိုလ်လောင်းများ ရေကူးပြိုင်ပွဲ (Russia- Myanmar Cadets Swimming Competition) သို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ **(အောက်ပုံ)**

အဆိုပါ ရေကူးပြိုင်ပွဲသို့ ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြသည့် မြန်မာ့တပ်မတော်မှ အသင်းအုပ်ချုပ်သူ နည်းပြအရာရှိကြီးနှင့် ပြိုင်ပွဲဝင် ဗိုလ်လောင်းများသည် စက်တင်ဘာ ၅ ရက်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့သို့ ရောက်ရှိကြရာ ရုရှားတပ်မတော်မှ တာဝန်ရှိသူများက ခင်မင်ရင်းနှီးစွာ ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။ ရုရှား- မြန်မာ နှစ်နိုင်ငံ ဗိုလ်လောင်းများ ရေကူးပြိုင်ပွဲကို စက်တင်ဘာ ၅ ရက်မှ ၁၀ ရက်အထိ ပြိုင်ပွဲအမျိုးအစား ၁၅ မျိုးဖြင့် ကျင်းပယှဉ်ပြိုင်ခဲ့ကြပြီး မြန်မာ့တပ်မတော်မှ ပြိုင်ပွဲဝင် ဗိုလ်လောင်းများအနေဖြင့် ရွှေတံဆိပ် တစ်ခု၊ ငွေတံဆိပ် သုံးခု၊ ကြေးတံဆိပ် ၁၂ ခု ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ကာ တာဝန်ရှိသူများက ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ကြသည်။

### သွားရောက်လေ့လာ

ထို့ပြင် မြန်မာ့တပ်မတော်မှ အသင်းအုပ်ချုပ်သူ နည်းပြအရာရှိကြီးနှင့် ပြိုင်ပွဲဝင် ဗိုလ်လောင်းများသည် စိန့်ပီတာစဘတ်မြို့ရှိ ရုရှားတပ်မတော် အားကစားတက္ကသိုလ်၊ အမြောက်သမိုင်းပြတိုက်၊ **(အောက်ပုံ)** AVRORA စစ်သင်္ဘောပြတိုက်နှင့် အထင်ကရနေရာများသို့ သွားရောက်လေ့လာခဲ့ခြင်း၊ ရုရှားတပ်မတော်မှ ပြိုင်ပွဲဝင် ဗိုလ်လောင်းများနှင့်အတူ အမှတ်တရ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခြင်းနှင့် လက်ဆောင်ပစ္စည်း အပြန်အလှန် လဲလှယ်ခြင်းများကို ဆောင်ရွက်ခဲ့ကြပြီး တပ်မတော်အချင်းချင်း ချစ်ကြည်ရင်းနှီးမှုများကို တိုးမြှင့်နိုင်ခဲ့ကြသည်။

အဆိုပါ မြန်မာ့တပ်မတော်မှ အသင်းအုပ်ချုပ်သူ နည်းပြအရာရှိကြီးနှင့် ပြိုင်ပွဲဝင် ဗိုလ်လောင်းများသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုကြသည်။

မြန်မာ့တပ်မတော် အနေဖြင့် အရာရှိ၊ စစ်သည်များနှင့် ဗိုလ်လောင်းများအား နိုင်ငံတကာ အတွေ့အကြုံများ ရရှိစေရေး၊ စစ်ဘက် အဖွဲ့အစည်းများ၏ ပြိုင်ပွဲယှဉ်ပြိုင်မှု အတွေ့အကြုံများနှင့် ချစ်ကြည်ရင်းနှီးမှုများ ရရှိစေရေးအတွက် တပ်မတော်အချင်းချင်းအပြန်အလှန် လေ့လာရေးခရီးစဉ်များ စေလွှတ်ခြင်းနှင့် နိုင်ငံတကာ တပ်မတော် အားကစားပြိုင်ပွဲများသို့ ပါဝင်ယှဉ်ပြိုင်ခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**





---

❂ *ကျောဖုံးမှ*

ယနေ့ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၈ လက်မခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဇလွန်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၇ လက်မခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

**ငဝန်မြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၁၁ လက်မခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် သာပေါင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၄ လက်မခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၁ လက်မခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ငါးသိုင်းချောင်းမြို့နှင့် သာပေါင်းမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

---

❈ *ကျောဖုံးမှ*

အမှတ်ပေးဇယား ထိပ်ဆုံး နှစ်သင်းတွေ့ဆုံခြင်းဖြစ်ပြီး ဂုဏ်သိက္ခာပိုင်းအတွက် အားကုန်ထုတ် ကစားခဲ့သည်။ ၂၆ မိနစ်တွင် မင်းမော်ဦးက သစ္စာအားမာန်အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူပေးခဲ့သော်လည်း ၅၅ မိနစ်တွင် စခန့်ချောက တက္ကသိုလ်အသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သဖြင့် တစ်ဂိုးစီ သရေကျခဲ့ခြင်းဖြစ်သည်။ ပြိုင်ပွဲအပြီးတွင် သစ္စာအားမာန်အသင်းက ၁၄ ပွဲ နိုင်၊ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံး ရမှတ် ၄၄ မှတ်ဖြင့် ချန်ပီယံဖြစ်ခဲ့ပြီး တက္ကသိုလ်အသင်းက ၃၈ မှတ်ဖြင့် ဒုတိယ၊ Port အသင်းက ၃၄ မှတ်ဖြင့် တတိယရရှိခဲ့သည်။

### တန်းဆင်းခဲ့ရ

ယင်းအသင်းများနောက်တွင် Junior Lions အသင်းက ၃၃ မှတ်၊ Glory Goal အသင်းနှင့် ရွှေပြည်သာအသင်းက ၂၂ မှတ်စီ၊ ငွေကြယ်ပွင့်အသင်းက ၁၆ မှတ်၊ ရက္ခပူရ ယူနိုက်တက်အသင်းက ၁၄ မှတ် ရရှိသည်။ ၁၄ မှတ်စီ ရရှိသည့် မောရဝတီအသင်းနှင့် Golden Grit အသင်းတို့မှာမူ တန်းဆင်းခဲ့ရသည်။

### ဆုချီးမြှင့်ပွဲကျင်းပ

သစ္စာအားမာန်အသင်းနှင့် တက္ကသိုလ်အသင်း ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲဆက်လက်ကျင်းပရာ သွင်းဂိုး ၂၀ စီဖြင့် ပူးတွဲဂိုးသွင်းအများဆုံးဆုရရှိခဲ့သည့် သန့်ဇော်ဟိန်း (သစ္စာအားမာန်) နှင့် ဇော်ဇော်ထိုက် (တက္ကသိုလ်) တို့ ဆုတံဆိပ်နှင့် ဆုကြေးကျပ် ငါးသိန်းစီ၊ တတိယဆုရရှိခဲ့သည့် Port FC အသင်းအား တစ်ဦးချင်း ကြေးတံဆိပ်ဆုနှင့် ဆုကြေးကျပ်သိန်း ၁၀၀၊ ဒုတိယရရှိသည့် တက္ကသိုလ်အသင်းအား တစ်ဦးချင်း ငွေတံဆိပ်ဆုနှင့် ဆုကြေးငွေကျပ်သိန်း ၁၅၀၊ ချန်ပီယံသစ္စာအားမာန်အသင်းအား တစ်ဦးချင်း ရွှေတံဆိပ်ဆု၊ ဆုကြေးငွေကျပ်သိန်း ၂၀၀ နှင့် ချန်ပီယံဆုဖလားတို့ကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။ **ရဲရင့်လွင်**

**ဓာတ်ပုံ - MNL**

---



မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ ပြည်သူ့ဆေးရုံများတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသီဟဇော် ဦးဆောင်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ နယ်မြေခံတပ်နှင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ပြည်သူများပူပေါင်း၍ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၁ ရက်က တယ်ချောင်းကျေးရွာအုပ်စု ဂျုံးဂျုံးဂျကျေးရွာရှိ ခုတင် (၁၀၀) ဆံ့ ပြည်သူ့ဆေးရုံဝင်းအတွင်း၌ ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်းနှင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။ ရဲကိုမောင် (ပြန်/ဆက်)

# ကမ္ဘောဒီးယားဝန်ကြီးချုပ်နှင့် တရုတ်သမ္မတတို့ ပေကျင်းတွင် တွေ့ဆုံမည်

ဖနောင်ပင် စက်တင်ဘာ ၁၂

**ကမ္ဘောဒီးယားဝန်ကြီးချုပ်သစ် ဟွန်မာနက်သည် ယခုသီတင်းပတ်နှောင်းပိုင်းတွင် တရုတ်နိုင်ငံသို့ သွားရောက်မည်ဖြစ်ကြောင်း သိရသည်။ ၎င်းသည် ပထမဆုံးအကြိမ်အဖြစ် တရုတ်ဝန်ကြီးချုပ်နှင့် တွေ့ဆုံသွားမည်ဖြစ်သည်။**

ကမ္ဘောဒီးယားနှင့် တရုတ်နိုင်ငံတို့သည် ယခုနှစ်တွင် သံတမန်ဆက်ဆံရေးထူထောင်သည့် (၆၅) နှစ်မြောက် နှစ်ပတ်လည်ဖြစ်ကြောင်း သိရသည်။ တရုတ်နိုင်ငံသည် ကမ္ဘောဒီးယားနိုင်ငံ၏ အကြီးမားဆုံး ရင်းနှီးမြှုပ်နှံသူဖြစ်သည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနသည် စက်တင်ဘာ ၁၁ ရက်တွင် ပုံမှန်သတင်းစာ ရှင်းလင်းပွဲပြုလုပ်ခဲ့ပြီး တရုတ်ဝန်ကြီးချုပ် လီချန်း၏ ဖိတ်ကြားချက်အရ ဟွန်မာနက်အနေဖြင့် တရုတ်နိုင်ငံသို့ စက်တင်ဘာ ၁၄ ရက်တွင် ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် ၎င်းတရုတ်နိုင်ငံ၌ ရှိနေစဉ်အတွင်း သမ္မတ ရှီကျင့်ဖျင်သည် ကမ္ဘောဒီးယားဝန်ကြီးချုပ်ကို တွေ့ဆုံသွားမည်ဖြစ်ကြောင်း အဆိုပါဝန်ကြီးဌာနက ပြောသည်။

ဝန်ကြီးချုပ်သည် တရုတ်-အာဆီယံ ကုန်စည်ပြပွဲကို တက်ရောက်သွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါပြပွဲကို ကွမ်ရှီးပြည်နယ်၏ မြို့တော်နန်နင်း၌ ကြာသပတေးနေ့တွင် စတင်သွားရန် စီစဉ်ထားသည်။ ဟွန်မာနက်သည် ဩဂုတ်လတွင် ဝန်ကြီးချုပ်တာဝန် စတင်ထမ်းဆောင်ပြီးနောက် ၎င်း၏ တရုတ်ခရီးစဉ်မှာ ဒုတိယမြောက် နိုင်ငံရပ်ခြားခရီးစဉ်ဖြစ်လာမည်ဖြစ်သည်။ ၎င်း၏ ပထမဆုံး နိုင်ငံရပ်ခြားခရီးစဉ်မှာ အာဆီယံထိပ်သီးအစည်းအဝေး ဖြစ်သည်။

ဝန်ကြီးချုပ်သည် လာမည့်လတွင် ပေကျင်းမြို့၌ ကျင်းပမည့် ရပ်ဝန်းနှင့် ပိုးလမ်းမထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန်လည်း စီစဉ်ထားသည်။

**အင်န်အိတ်ချ်ကေ**




ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်မာနက် (ဝဲ)နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်။



လစ်ဗျားနိုင်ငံ ဒါနာမြို့၌ ရေကြီးရေလျှံမှုဖြစ်ပွားသော နေရာတစ်ခုကို စက်တင်ဘာ ၁၁ ရက်က တွေ့ရစဉ်။

# လစ်ဗျားအရှေ့ပိုင်း၌ ရေကြီးရေလျှံမှုကြောင့် လူပေါင်း ၂၃၀၀ ထက်မနည်းသေဆုံး အခြား ၅၀၀၀ ကျော် ပျောက်ဆုံးနေ

**ထရီပိုလီ စက်တင်ဘာ ၁၂**

စက်တင်ဘာ ၁၀ ရက်က လစ်ဗျားနိုင်ငံ အရှေ့ပိုင်းတွင် ရေကြီးရေလျှံမှုဖြစ်ပွားပြီးနောက် ဒါနာမြို့တွင် လူပေါင်း ၂၃၀၀ ထက်မနည်း သေဆုံးမှုဖြစ်ပွားကာ အခြား ၅၀၀၀ ကျော် ပျောက်ဆုံးနေကြောင်း လစ်ဗျား ကျန်းမာရေးဝန်ကြီးဌာနက စက်တင်ဘာ ၁၂ ရက်တွင် ပြောသည်။

လစ်ဗျားနိုင်ငံ တစ်ဝန်းမှ ကယ်ဆယ်ရေး အသင်းအဖွဲ့များသည် ရေဘေးသင့် ဒါနာမြို့သို့ ဦးတည်ထွက်ခွာလာနေကြောင်း ဝန်ကြီးဌာန၏ အရေးပေါ်ဌာနက ၎င်း၏ ဖေ့စ်ဘွတ်ခ်တွင် ဖော်ပြထားသည်။ လစ်ဗျားအစိုးရသည် စက်တင်ဘာ ၁၂ ရက်က ဆေးဘက်ဆိုင်ရာ ထောက်ပံ့ရေးပစ္စည်း ၁၄ တန် တင်ဆောင်လာသော လေယာဉ်တစ်စင်းကို စေလွှတ်ခဲ့သည့်အပြင် ရေကြီးရေလျှံမှုနောက်ဆက်တွဲ ပြဿနာရပ်များကို ကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက် အရှေ့ဘက် ဘန်ဂါဇီမြို့သို့ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူ ဒါဇင်ပေါင်းများစွာကိုလည်း စေလွှတ်ခဲ့သည်။

မြေထဲပင်လယ် မုန်တိုင်းသည် စက်တင်ဘာ ၁၀ ရက်က လစ်ဗျားနိုင်ငံအရှေ့ပိုင်း ကုန်းတွင်းပိုင်းသို့ ဝင်ရောက်တိုက်ခတ်ပြီးနောက် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ကာ ၎င်းလမ်းကြောင်းတစ်လျှောက်ရှိ အဆောက်အအုံများ ထိခိုက်ပျက်စီးမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ရေကြီးရေလျှံမှု၏ နောက်ဆက်တွဲဖြစ်ရပ်များကို ကိုင်တွယ်ဖြေရှင်းရန်အတွက် နိုင်ငံတကာအကူအညီများကို လစ်ဗျားသမ္မတကောင်စီအကြီးအကဲ မိုဟာမက် အယ်မန်ဖီက စက်တင်ဘာ ၁၁ ရက်တွင် တောင်းဆိုထားသည်။ ဒါနာ၊ အယ်ဘေဒါနှင့် ရှာဟတ်မြို့တို့သည် ရေကြီးရေလျှံမှုဒဏ်ကို အဆိုးရွားဆုံးခံရသည့် မြို့များဖြစ်ကြောင်း ၎င်းက ဖြည့်စွက်ပြောသည်။

**ဆင်ဟွာ**

# မော်ရိုကိုနိုင်ငံ၌ ငလျင်လှုပ်ခတ်ပြီးနောက် ကယ်ဆယ်ရေး ဆောင်ရွက်ရာတွင် အခက်အခဲများနှင့် ရင်ဆိုင်နေရ

**ရာဘတ် စက်တင်ဘာ ၁၂**

မော်ရိုကိုနိုင်ငံ၌ ပြီးခဲ့သည့်သီတင်းပတ်က အင်အားပြင်းထန်သော ငလျင်လှုပ်ခတ်မှုဖြစ်ပွားပြီးနောက် ကူညီကယ်ဆယ်ရေးလုပ်သားများသည် တောင်ထူထပ်သည့် ဒေသများတွင်ရှိသောသူများထံသို့ ရောက်ရှိရန် အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း သိရသည်။

ပထမဆုံး ၇၂ နာရီကို အသက်ရှင် ကျန်ရစ်သောသူများအား ရှာဖွေရန် အရေးကြီးသော အချိန်ဟု ယူဆထားသည်။ သို့သော်လည်း အဆိုပါ အချိန်သည် ကျော်လွန်ခဲ့ပြီဖြစ်သည်။ ပြင်းအား ၆ ဒသမ ၈ အဆင့်ရှိ ငလျင်သည် သောကြာနေ့ နှောင်းပိုင်းက မော်ရိုကိုနိုင်ငံ အလယ်ပိုင်းတွင် လှုပ်ခတ်ခဲ့သည်။ ငလျင်ကြောင့် သေဆုံးသူ အရေအတွက် ၂၈၆၂ ဦးနှင့် ထိခိုက်ဒဏ်ရာရရှိသူ ၂၅၆၂ ဦးအထိ မြင့်တက်လာကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောသည်။

ကုလသမဂ္ဂက ငလျင်ကြောင့် လူပေါင်း ၃၀၀၀၀၀ ကျော် ထိခိုက်မှုရှိကြောင်း ခန့်မှန်းထားသည်။ ထို့အပြင် ယူနီဆက်ဖ်ကလည်း ငလျင်ကြောင့် ကလေးငယ်ပေါင်း ၁၀၀၀၀၀ ထက်မနည်း ထိခိုက်နိုင်ဖွယ်ရှိကြောင်း ပြောသည်။

**အင်န်အိတ်ချ်ကေ**

# ရန်ပုံငွေပြတ်လပ်ခြင်းက အာဖဂန်နစ္စတန်နိုင်ငံရှိ လူဦးရေ နှစ်သန်းအတွက် စားနပ်ရိက္ခာအခက်အခဲဖြစ်စေ

ကဘူးလ် စက်တင်ဘာ ၁၂

**ရန်ပုံငွေပြတ်လပ်ခြင်းက အာဖဂန်နစ္စတန်နိုင်ငံရှိ နောက်ထပ်လူဦးရေ နှစ်သန်းအတွက် စားနပ်ရိက္ခာကူညီထောက်ပံ့ရေးအစီအစဉ်လျှော့ချရန် ဖိအားပေးလျက်ရှိကြောင်း ကုလသမဂ္ဂစားနပ်ရိက္ခာအေဂျင်စီက ပြောသည်။**

အာဖဂန်နစ္စတန်နိုင်ငံရှိ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်က စားနပ်ရိက္ခာ လိုအပ်သူများအားလုံးကို စားနပ်ရိက္ခာများ ထောက်ပံ့ပေးသွားနိုင်တော့မည်မဟုတ်ကြောင်း လွန်ခဲ့သောသီတင်းပတ်က ပြောကြားခဲ့သည်။ စားနပ်ရိက္ခာထောက်ပံ့မှုများ လျှော့ချခြင်းကြောင့် နောက်ထပ်လူဦးရေသစ် ၁ ဒသမ ၄ သန်း၊ မိခင်များနှင့် ကလေးများ စားနပ်ရိက္ခာရရှိတော့မည်မဟုတ်ပေ။

အာဖဂန်နစ္စတန်နိုင်ငံ၏ စီးပွားရေးသည် တာလီဘန်လက်ထက်တွင် တန့်နေသည်။ တာလီဘန်အဖွဲ့သည် ၂၀၂၁ ခုနှစ် ဩဂုတ်လတွင် အာဏာရရှိခဲ့သည်။

အာဖဂန်ပြည်သူများသည် စားနပ်ရိက္ခာပြတ်လပ်ခြင်းနှင့် အခြားအခက်အခဲများနှင့် ရင်ဆိုင်နေကြရသည်။

ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့က ကုလသမဂ္ဂအထွေထွေညီလာခံမတိုင်မီ စားနပ်ရိက္ခာဖြတ်တောက်မည့်အစီအစဉ်ကို ကြေညာလိုက်ခြင်းဖြစ်သည်။ အဆိုပါအစည်းအဝေးကို ယခုလနှောင်းပိုင်းတွင် ကျင်းပရန် စီစဉ်ထားသည်။ ကမ္ဘာ့ခေါင်းဆောင်များသည် နယူးယောက်တွင် တွေ့ဆုံကြမည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**



# ဖိလစ်ပိုင်တွင် ၆ ဒသမ ၄ အဆင့်ရှိ ငလျင်လှုပ်ခဲ့သော်လည်း ပျက်စီးသတင်းဖော်ပြခြင်းမရှိ

**မနီလာ စက်တင်ဘာ ၁၂**

ငလျင်ပြင်းအား ၆ ဒသမ ၄ အဆင့်ရှိ ကမ်းလွန်ငလျင်တစ်ခုသည် စက်တင်ဘာ ၁၂ ရက် ညက ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်း ကာဂါရန်ပြည်နယ်၌ လှုပ်ခဲ့ကြောင်း ဖိလစ်ပိုင် မီးတောင်နှင့် ငလျင်ဗေဒက ပြောကြားသည်။

ငလျင်သည် ဒေသစံတော်ချိန် ည ၇ နာရီ ၃ မိနစ်က စတင်ခဲ့ပြီး ကာလာရန်မြို့ရှိ ဒါလူပရီ အနောက်မြောက်ဘက် ၂၆ ကီလိုမီတာခန့်အကွာ မြေအောက်အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ လှုပ်ခတ်ခဲ့သည်။

အဆိုပါငလျင်ကြောင့် နောက်ဆက်တွဲ ငလျင်ငယ်များ လှုပ်ခဲ့သော်လည်း အပျက်အစီးသတင်း ဖော်ပြခြင်းများ မရှိပေ။ ငလျင်လှုပ်ခတ်မှုကို လူဇုံကျွန်းနှင့် ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်းတွင် တွေ့ကြုံခံစားခဲ့ရသည်။

ငလျင်ကြော အတွင်း ကျရောက်နေသော ဖိလစ်ပိုင်နိုင်ငံရှိ ဒေသများတွင် ငလျင်လှုပ်မှုများ မကြာခဏ ဖြစ်ပွားလျက်ရှိသည်။

**ဆင်ဟွာ**

# ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် တိုင်းအတွင်းရှိ မြစ်ကမ်းထိန်းလုပ်ငန်းများအား ကြည့်ရှုစစ်ဆေး



**ပုသိမ် စက်တင်ဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက တိုင်းဒေသကြီးအတွင်းရှိ မြစ်ကမ်းထိန်း လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ညောင်တုန်းမြို့ အမှတ် (၂) ရပ်ကွက် (၂၃) လမ်းရှိ ကမ်းနားသို့သွားရောက်၍ ပန်းလှိုင်မြစ်ရေ စိုးရိမ် ရေမှတ်ရောက်ရှိမှု ကြည့်ရှုစစ်ဆေးခဲ့ပြီး အန္တရာယ် ရေမှတ်များသို့ ရောက်ရှိလာပါက အချိန်နှင့်တစ်ပြေးညီ သတင်းပေးပို့တင်ပြရန်နှင့် ပြည်သူများ ထိခိုက်မှုမရှိစေရေးအတွက် ဘေးလွတ်ရာနေရာများသို့ ကြိုတင်ပြောင်းရွှေ့ပေးနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိရန် မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ညောင်တုန်းမြို့ အမှတ် (၃) ရပ်ကွက်တွင် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသ (၂) မှ ၂၀၂၂-၂၀၂၃ဘဏ္ဍာရေးနှစ် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့်ဆောင်ရွက်သည့် (၁၄) လမ်းနှင့် (၁၆) လမ်းကြား မြစ်ကမ်းပါးနိမ့်ကျမှု ကာကွယ်ရေးလုပ်ငန်း အလျားပေ ၈၀၀ တည်ဆောက်ရေးလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ဗိုလ်မြတ်ထွန်းတံတားနှင့် ညောင်တုန်းတံတားသို့ သွားရောက်၍ ဗိုလ်မြတ်ထွန်းတံတား ရေလမ်းကြောင်းပြုပြင်ထိန်းသိမ်းရေး ဆောင်ရွက်ရန်နှင့် ညောင်တုန်းတံတားအဝင် ရေလမ်းဖြောင့်တန်းစေရေးအတွက် ဆောင်ရွက်မည့် အခြေအနေများ၊ ဓနုဖြူမြို့နယ် မရမ်းချောင်းကျေးရွာရှိ မရမ်းချောင်း ရေကင်းစခန်း တာမိုင်(၄၆/၄)၊ ဇလွန်မြို့ရှိ ဧရာဝတီ- ဟသ်ာတတာတာမိုင် (၂၅ /၂ )ဆန်တန်းရေကင်းစခန်း အမှတ် (၃) တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ပြုလုပ်သည့် မိုးရာသီရေဘေးအန္တရာယ် ကာကွယ်ရေး သရုပ်ပြလေ့ကျင့်နေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဟသ်ာတမြို့နယ် အိပ်ပျက်ကျေးရွာအုပ်စု ဖောင်ဆိပ်ကျေးရွာအနီးရှိ စွန့်ပစ်တာရေကျော်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဖောင်ဆိပ်ကျေးရွာ ဖောင်ဆိပ်ကျောင်းတိုက်၌ ပြုလုပ်သည့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ရေဘေးရှောင်ပြည်သူများအား ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် လေးမျက်နှာမြို့နယ် ရှေးဟောင်းသမိုင်းဝင် စတုမုခထူပါရုံစေတီတော် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရှေးဟောင်းသမိုင်းဝင်စေတီတော်များ၊ သာသနိကအဆောက်အဦများ ပျက်စီးဆုံးရှုံးမှု မရှိစေရေး ထိန်းသိမ်းဆောင်ရွက်ရန်၊ ဝေန်မြစ်ရေတိုက်စားမှုမှ ကာကွယ်ရန် ဆောင်ရွက်နေသည့် လုပ်ငန်းများအား သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရန်နှင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ငါးသိုင်းချောင်းမြို့ ဝေန်တာမိုင် (၄၅/၆) ရေကင်းစခန်းအမှတ် (၂) ၌ ပြုလုပ်သည့် တာတမံများ၏ အရေးပေါ်အခြေအနေဖြစ်သော တာထိပ်ပေါ်ကျော်ခြင်း၊ ရေပေါက်(ထူးပေါက်)၊ တာအိ၊ သဲဖွက်ထ တာကျုံ့ခြင်းများ ဖြစ်ပေါ်လာပါက ကာကွယ်ရန် နည်းလမ်းများဖြစ်သော မြေသား သို့မဟုတ် သဲအိတ်ကန်သင်းဆင့်ခြင်း၊ မြေကတုတ် (ရေခွေ) တို့ဖြင့် အရေးပေါ် ကာကွယ်စောင့်ရှောက်ရမည့် နည်းလမ်းများဖြင့် မိုးရာသီရေဘေးအန္တရာယ် ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## မူဆယ်၌ မိုးသည်းထန်ပြီးမြေပြိုမှုကြောင့် ထိခိုက်ပျက်စီးသည့်နေရာများအား ရဲတပ်ဖွဲ့ဝင်များ ရှင်းလင်းပေး

**မူဆယ် စက်တင်ဘာ ၁၂**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့နယ်၌ စက်တင်ဘာ ၁၁ ရက် ညနေပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် နမ့်ပေါ် ကျေးရွာ ဝေဠုဝန်ကျောင်းဝင်းရှိ ဆွမ်းစားဆောင်အပါအဝင် လူနေအိမ်အချို့နှင့် နယ်စပ်ဂိတ်နေရာများတွင် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါ နေရာများအနက် နမ့်ပေါ် ဘုန်းကြီးကျောင်းဝင်းအတွင်း၌ မူဆယ်ခရိုင် ရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီး လှိုင်ကျော်မြင့်နှင့် ဒုရဲမှူး အောင်သင်းဦးတို့ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များသည် နမ့်ပေါ်ဘုန်းကြီးကျောင်းအတွင်းရှိ မြေပြိုကျမှုကြောင့် ထိခိုက်ပျက်စီးသည့် နေရာများအား ရှင်းလင်းပေးခြင်းတို့ကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသည်။



အလားတူ မူဆယ်ခရိုင်/မြို့နယ်အဆင့်ရှိ ရဲတပ်ဖွဲ့ဝင်များသည် (၅၉) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မူဆယ်မြို့၌ စက်တင်ဘာလ ပထမပတ်ကစ၍ အခြေခံ လူတန်းစားများအား စားသောက်ကုန်များ လှူဒါန်းပေးခြင်း၊ ထမင်းဘူးများဝေငှခြင်း၊ ကျန်းမာရေးဌာနနေရာများတွင် လုပ်အားပေးခြင်းများ ဝိုင်းဝန်းကူညီပေးလျက်ရှိကြောင်း သိရသည်။ **သန့်ဇင် (မြန်မာ့အလင်း)**



## မုဒုံမြို့၌ ရော်ဘာအစေးခြစ်လုပ်သားကျွမ်းကျင်မှု အဆင့်နှင့် စစ်ဆေးအကဲဖြတ်ခြင်း သင်တန်းများဖွင့်လှစ်

**မုဒုံ စက်တင်ဘာ ၁၂**

စိုက်ပျိုးရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံလုပ်သားကျွမ်းကျင်မှု အဆင့်(၁) သင်တန်းပေးခြင်းနှင် စစ်ဆေးအကဲဖြတ်ခြင်းအမှတ်စဉ် (၁၁) သင်တန်း ဖွင့်ပွဲကို ယမန်နေ့ နံနက် ၉ နာရီက မုဒုံမြို့ နှစ်ရှည်သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ၌ ကျင်းပသည်။

အခမ်းအနားတွင် မွန်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးလှမိုးအောင်က သင်တန်းဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ရော်ဘာစိုက်ပျိုးရေးပညာရှင် ဦးဝင်းတင်က ရော်ဘာမျိုးကောင်းမျိုးသန့် ရရှိရေးနှင့် ရော်ဘာအစေးခြစ်သည့် နည်းစနစ်မှန်ကန် အကျိုးရှိစေမည့် အချက်များကိုလည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန နှစ်ရှည်သီးနှံဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ယုယုထွေးက သင်တန်းဖွင့်လှစ်သင်ကြားပေးသည့် ရည်ရွယ်ချက်များကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။အဆိုပါသင်တန်းကို စက်တင်ဘာ ၁၁ ရက်မှ ၂၅ ရက်အထိ စာတွေ့လက်တွေ့သင်ကြားပေးမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ခြောက်ခုမှ သင်တန်းသား ၃၁ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။ **မုဒုံ-မောင်မောင်**

## ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းနှင့် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း ရန်ပုံငွေ လွှဲပြောင်းပေးအပ်

**အမ်း စက်တင်ဘာ ၁၂**

ရခိုင်ပြည်နယ် အမ်းခရိုင် အမ်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) နှင့် ကျေးလက်စီးပွား မြင့်မားရေး ရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်း (RBF) ရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲကို ယနေ့မွန်းလွဲပိုင်းက မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အဆိုပါ ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇော်ထက်က ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝ တိုးတက်မြင့်မားလာစေရေးအတွက် ဆင်းရဲမှု လျှော့ချရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ဒေသထုတ်ကုန်များကို ဈေးကွက်နှင့် ချိတ်ဆက်၍ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်လိုကြောင်း ပြောကြားသည်။ ဆက်လက်၍ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးနိုင်လင်းထွန်းက ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းနှင့် ကျေးလက်စီးပွား မြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း လုပ်ငန်း ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းထက်နှင့် ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးမောင်မောင်စိုးတို့က ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းကျေးရွာ ခြောက်ရွာအား စီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၅၀ စီနှင့် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း လုပ်ငန်း ရန်ပုံငွေကျပ်သိန်း ၃၀၀ အား ကျေးရွာကော်မတီများနှင့် အသက် မွေးဝမ်းကျောင်းလုပ်ငန်း အဖွဲ့ လေးဖွဲ့တို့ကို လွှဲပြောင်းပေးအပ်ခဲ့ကြကြောင်း သိရသည်။

**စိုးမင်းထွန်း (ပြန်/ဆက်)**



ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် အနောက်ကုန်းကျေးရွာ ရွှေအိမ်ရတနာ ဘိုးဘွားရိပ်သာတွင် (၅၉) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၀ ရက်က အိမ်မဲမြို့နယ် ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး ကျော်ညွှန့်၊ ဒုရဲမှူး လေးနိုင်တို့ ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ မြို့နယ် (ပြန်/ဆက်)

# ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး ပိုးချည်ထုတ်လုပ်ခြင်းနှင့်ပတ်သက်သော သုတေသနလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၁၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီးသည် ယမန်နေ့ နံနက်ပိုင်းက ပိုးသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးဗဟိုဌာန၏ ပိုးစာပင်စိုက်ပျိုးခြင်း၊ ပိုးမွေးမြူခြင်းနှင့် ပိုးရောဂါစစ်ဆေးခြင်း လုပ်ငန်းဆောင်ရွက်နေမှု၊ ပိုးမွေးတောင်သူများသို့ မျိုးပိုးဥများ ထုတ်လုပ်ဖြန့်ဖြူးနေမှု၊ မိမျိုးဘမျိုး ၂၈ မျိုး၊ နိုင်ငံခြား ပိုးမျိုး ၄၄ မျိုးနှင့် အရိုင်းစပ်မျိုးသစ် ၁၇ မျိုးတို့ကို မပျောက်ပျက်စေရန် နှစ်စဉ်ထိန်းသိမ်း စုဆောင်းထားရှိမှု၊ ပိုးစာမျိုးစပ်ခြင်း၊ ပိုးမျိုးများ မျိုးစပ်ခြင်းသုတေသနလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။



ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက ရာသီဥတုဒဏ်နှင့် ရောဂါဒဏ်ခံနိုင်ရည်ရှိသော ပိုးမျိုးသစ်များ ရရှိရေး သုတေသနလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ရန် လိုအပ်ချက်များ၊ ပိုးမွေးမြူရေးလုပ်ငန်း အခြေခံသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးလာရေးအတွက် ပိုးစာပင်စိုက်ပျိုးခြင်း၊ ပိုးမွေးမြူခြင်းသင်တန်းများကို ကျယ်ကျယ်ပြန့်ပြန့် ပညာပေးဆောင်ရွက်ကြရန် လိုအပ်ချက်များ၊ ဇီဝနည်းပညာဖြင့် ပိုးမျိုးသစ်များမွေးမြူ ထုတ်လုပ်ရာတွင် သုတေသနလုပ်ငန်း အချက်အလက်များကို စုဆောင်း၍ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာနပိုင် မြေနေရာ ဧက ၁၀၀ ကို ကောင်းမြန်မာအောင် ကုမ္ပဏီလီမိတက်က ငှားရမ်းလုပ်ကိုင်နေသော ပိုးစာပင်စိုက်ပျိုးခြင်း၊ ပိုးမွေးမြူခြင်းနှင့် ပိုးထွက်လူသုံးကုန်များ ထုတ်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြင်ဦးလွင်မြို့ ရေငယ်ကျေးရွာရှိ ရွှေကောင်းကင်ကုမ္ပဏီလီမိတက်၏ ကြက်ဥသား ဖောက်လုပ်ငန်း၊ ပြင်သစ်နိုင်ငံ (Bovan Goldline) ဥစားကြက်မျိုးဖောက်ထုတ်လုပ်နေမှုနှင့် သားပေါက်များ ဖြန့်ဖြူးမှုတို့ကို ကြည့်ရှုအားပေးသည်။

ယင်းနောက် စိုက်ပျိုးရေးဦးစီးဌာနမှ BOT စနစ်ဖြင့် ငှားရမ်းလုပ်ကိုင်နေသည့် ရွှေရောနဒီ ကော်ဖီစက်ရုံ၏ ကော်ဖီထုတ်လုပ်မှု လုပ်ငန်းအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် စိုက်ပျိုးရေးဦးစီးဌာန ဝါနှင့်လျှော်မျှင်ထွက်သီးနှံဌာနခွဲ၊ ပိုးချည်စက်ရုံနှင့် ပိုးစာသုတေသနခြံ၏ ပိုးစာပင်စိုက်ပျိုးခြင်း၊ ပိုးမွေးမြူခြင်း၊ ပိုးချည်ထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ပိုးချည်ထုတ်လုပ်ခြင်းလုပ်ငန်းတိုးတက်ရေးအတွက် လိုအပ်သောမျိုးနှင့် နည်းပညာများ ဖြန့်ဝေနိုင်ရေးဆောင်ရွက်နေမှု၊ ချင်းပြည်နယ်မှ လာရောက် လေ့လာသင်ယူလျက်ရှိသော သင်တန်းသား သင်တန်းသူများ၏ လက်တွေ့ပိုးချည်ထုတ်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

